မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၂၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများဆွေးနွေးခြင်းနှင့်တင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

ယနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၇) ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့် (ခ) ဦးဖိုးတုတ်၏ **"ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်/မန္တလေး)မှ ကျောင်းသား/ကျောင်းသူများသည် နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များ ဟုတ်/မဟုတ်နှင့် မည်သည့်သတ်မှတ်ချက် စံနှုန်းများဖြင့် ရွေးချယ်သည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက ဖြေကြားရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တွင် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို ဦးစားပေး၍ အရည်အချင်းသတ်မှတ်ချက် ကိုက်ညီသူများကို ရွေးချယ်တက်ရောက်စေလျက်ရှိပါကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လေ့ကျင့်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းသားရွေးချယ်ရာတွင် ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနည်းပါးသည့်ဒေသမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် တိုင်းရင်းသားလူငယ်များနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးကျောင်း (၂၉)ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် တိုင်းရင်းသားလူငယ်များကို ဦးစားပေး၍ ရွေးချယ်ပါကြောင်း။

စီမံထားရှိ

သင်တန်းသား အရည်အချင်းသတ်မှတ်ချက်အနေဖြင့် နယ်စပ်ဒေသတွင်နေထိုင်သော ပြည်ထောင်စုတိုင်းရင်းသားဖြစ်၍ ရိုးရာဘာသာစကားကို တတ်ကျွမ်းရမည်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ပြီး ပညာသင်နှစ်၏ ဇွန် ၃၀ ရက်တွင် အသက် (၂၀)ထက် မကျော်လွန်စေရ၊ အိမ်ထောင်မရှိသူ (လူပျို)ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူဖြစ်ရမည်၊ အဝေးသင်တက္ကသိုလ်အပါအဝင် အခြားတက္ကသိုလ်များတွင် တစ်ပြိုင်တည်း ပညာဆည်းပူးနေသူ မဖြစ်စေရ၊ စိစစ်ရွေးချယ်ရေးအဖွဲ့၏ လူတွေ့စစ်ဆေးခြင်းကို ခံယူရမည်၊ ကျန်းမာရေးဆေးစစ်၍ အောင်မြင်သူဖြစ်ရမည်ဟူ၍ သတ်မှတ်ထားပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဝိဇ္ဇာ/သိပ္ပံတွဲ့ *စာမျက်နှာ ၃ ကော်လံ ၁* ❐

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ပြည်သူများစားသုံးရန် ဆန်အလုံအလောက်ရှိနေ

ဆန်ကုန်သည်များအသင်း အမှုဆောင်တစ်ဦး ပြောကြား

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
တင်ဝင်းလေး-(ကြည့်မြင်တိုင်)

နေပြည်တော် ဩဂုတ် ၂၄

မြန်မာနိုင်ငံတွင် ယခုရက်များအတွင်း အချို့ဒေသများ၌ မိုးများစွာရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်းတို့ကြောင့် မြေနိမ့်လယ်မြေအချို့၌ ရေများဝင်ခဲ့သော်လည်း လာမည့်စပါးပေါ်ချိန်၌ စပါးအထွက် ဆုတ်ယုတ်ခြင်း၊ ဈေးမြင့်တက်ခြင်းဖြစ်မည် မဟုတ်သဖြင့် စိုးရိမ်စရာ မလိုကြောင်းနှင့် နိုင်ငံအဝန်း ဒေသအားလုံးအတွက် ဆန်ဖူလုံ ပိုလျှံစွာရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ အလုပ်အမှုဆောင် ဦးချစ်ကိုကိုက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးမှုအနေဖြင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ စီစဉ် *စာမျက်နှာ ၈ ကော်လံ ၅* ✳

ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်၌ ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရန် ဆန်အိတ်များ တင်နေစဉ်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာသတင်းအညွှန်း

❖ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ပြည်ပသို့ ဆန်တိုက်ရိုက်တင်ပို့။ စာ / ၅

❖ မန္တလေးတောင်ခြေရှိ သုခမ္မာဇရပ်များ ပြုပြင်ထိန်းသိမ်း။ စာ / ၆

❖ ကင်းသာ-ပင်လောင်းလမ်းကြောင့် ဒေသခံများ ခရီးသွားလာရေးအဆင်ပြေ။ စာ / ၆

❖ တာချီလိတ်မြို့တွင်းလမ်းများပျက် ယာဉ်သွားလာရေးခက်။ စာ / ၇

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၂၅ ရက်)

အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်သူများဝိုင်းဝန်းပါဝင်

နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရာတွင် ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သည့်နိုင်ငံသားများဖြင့် တည်ဆောက်ကြရမည်ဖြစ်သည်။ ယင်းသို့ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်ပေါ်လာရန် ကျန်းမာရေးအသိပညာဗဟုသုတများ ပြည့်စုံရန်လိုအပ်သည်။ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရေးအတွက် ဆေးရုံ၊ ဆေးခန်းများတည်ဆောက်ပေးလျက်ရှိသည်။ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်သကဲ့သို့ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ပြည်သူများအတွင်း ထိရောက်ပျံ့နှံ့ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

အာဟာရဖွံ့ဖြိုးရေးသည် နိုင်ငံတော်၏အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့်အတွက် အာဟာရချို့တဲ့မှုလျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာကာကွယ်ရေး၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့်ဓလေ့ ပိုမိုထွန်းကားလာရေးစသည့် ရည်မှန်းချက်များချမှတ်ကာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိသည်။

''အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ'' ပြုလုပ်ရခြင်း၏ရည်မှန်းချက်သည် မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန်ဖြစ်သည်။ ဝိသေသရည်မှန်းချက်များအနေဖြင့် မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမြင့်မားစေရန်၊ အသက်နှစ်နှစ်မှ ငါးနှစ်အောက်ကလေးများ၊ မူလတန်းကျောင်းသားအရွယ် ကလေးများနှင့် ကိုယ်ဝန်သုံးလအထက် အမျိုးသမီးများအား သန်ချဆေးတိုက်ကျွေးခြင်း လွှမ်းခြုံမှု မြင့်မားလာစေရန်၊ သံဓာတ်ဆေးပြားသောက်သုံးခြင်း၏ အကျိုးကျေးဇူးကို အမျိုးသမီးများ ပိုမိုနားလည် သဘောပေါက်စေရန်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင်များ ဗီတာမင်ဘီဝမ်းအရေးပါပုံကို ပိုမိုနားလည်ပြီး လိုလိုလားလား သောက်သုံးကြစေရန်၊ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆားထုတ်လုပ်စားသုံးမှု အရှိန်အဟုန်ကို မြှင့်တင်ရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့်ဓလေ့ ပိုမိုထွန်းကားလာစေရန်တို့ ဖြစ်သည်။

ဩဂုတ်လ တစ်လလုံးကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် လှုပ်ရှားလျက်ရှိရာ ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့သည့်ရောဂါများ ပပျောက်ရေးရက်သတ္တပတ်များအဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံး ဆောင်ရွက်လျက်ရှိသည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များသတ်မှတ်ပြီး ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုအတွင်း အာဟာရအသိပညာ၊ အမူအကျင့်ပိုမိုတိုးတက်လာမည်ဖြစ်၍ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်ရန်၊ ကျန်းမာရေးအသိပညာများပိုမိုသိရှိရန် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကျေးလက်ဒေသဖွံ့ဖြိုးရေး အစည်းအဝေး ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီက လားရှိုးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တွဲဖက်ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက လုပ်ငန်းကော်မတီနှင့် စပ်လျဉ်း၍ လိုအပ်သည်များကိုတင်ပြကြကာ ပြည်နယ်အတွင်းရေးမှူးက လုပ်ငန်းကော်မတီအလိုက် အထွေထွေတင်ပြဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၁၁ နာရီခွဲတွင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး သန်လျင်၌ အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဦးခင်အောင်မြင့် **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာစာတမ်းကို အထက(၁)မှ အထက်တန်းပြဆရာမဒေါ်သန်းသန်းအေးက လည်းကောင်း၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာစာတမ်းကို အထက(၂) အထက်တန်းပြဆရာမ ဒေါ်ခိုင်မာထွန်း ကလည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းကို အထက(၃)မှ အထက်တန်းပြ ဆရာမ ဒေါ်ဝတ်ရည်နှင့် အထက(၄) မှ အထက်တန်းပြဆရာမ ဒေါ်သဲအိအိစံတို့ကလည်းကောင်း ဖတ်ကြားရှင်းလင်းဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားတွင် တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများကသိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (ဝ၄၉)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် အထက(၂)စမ်းချောင်း၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့တို့က ကြီးမှူးကျင်းပသော ၂၀၁၁ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် စံပြမိခင်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက်က အထက(၂) စမ်းချောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်စံပြမိခင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရမြို့နယ်များအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး **(အောက်ပုံ)**နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆိုင်ရာ ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲဆုရ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူဇော်တို့က ဆုများချီးမြှင့်ခဲ့သည်။

အာဟာရတိုက်ကျွေး

ထို့နောက် လသာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သန်းသန်းဌေးက ကျန်းမာရေးပညာပေးဟောပြောပြီး တက်ရောက်လာကြသူများက ငါးနှစ်အောက်ကလေးများအား အာဟာရတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အဝတ်အထည်၊ ဆေးနှင့် အာဟာရပြည့် အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၂)

ငါးထုတ်လုပ်သူများအစုအဖွဲ့ သံတွဲ၌ ဆိုင်းဘုတ်တင်

သံတွဲ ဩဂုတ် ၂၄

မွေးမြူရေးနှင့် အသား၊ ငါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သံတွဲမြို့နယ် ငါးနီတူဖမ်းဆီးထုတ်လုပ်သူများအစုအဖွဲ့ကို ဇူလိုင် ၄ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဆိုင်းဘုတ်တင်ပွဲနှင့် အသင်းရုံးဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက အဆိုပါအသင်းရှိ သံတွဲမြို့နယ် ဂျိတ္တောကျေးရွာ အသင်းရုံး၌ ကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာတာဝန်ရှိသူများက အသင်းရုံးဆိုင်းဘုတ်တင်ခြင်းနှင့် အသင်းရုံးခန်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးနောက် **(အပေါ်ပုံ)**ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အသင်းသူ အသင်းသားများအား လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းမှာကြားသည်။ ထို့နောက် အစုရှယ်ယာထည့်ဝင်ငွေ ကျပ်သိန်း ၁၀၀ ကို အသင်းသူ အသင်းသားများကိုယ်စား အသင်းသားတစ်ဦးက ပေးအပ်ရာ အစုအဖွဲ့ဥက္ကဋ္ဌဦးစန်းမောင်က လက်ခံယူခဲ့ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မှုခင်းသတင်း မူးယစ်ဆေးဝါးသုံးစွဲရာမှ လူသတ်မှုဖြစ်

ရန်ကုန် ဩဂုတ် ၂၄

မတ် ၁၃ရက် ည ၉နာရီခန့်က နေပြည်တော် ပျဉ်းမနားမြို့နယ် ထပ်ပိုးရွာမှ အာဟာရသုခဈေးသို့သွားသည့် မြေနီလမ်းတွင် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်း ကျေးရွာနေ သန်းထွန်းလှိုင်(ခ) ငပန့်(ခ) ဖိုးသံ အသက်(၁၉)နှစ်သည် သေဆုံးနေကြောင်းတွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ မတ် ၁၂ ရက်က သေဆုံးသူနှင့် မိုးသီဟ(ခ) မိုးကြီး (ခ) အောင်ကျော်ထူး အသက်(၂၀)တို့သည် ဘိန်းဖြူသုံးစွဲကြပြီး မူးယစ်ဆေးဝါးလက်ကျန်ကိစ္စဖြင့် စကားများရာမှ မိုးသီဟက သန်းထွန်းလှိုင်၏ ဦးခေါင်းကို ကျောက်ခဲဖြင့် တစ်ချက်ထုရိုက်ခဲ့ကြောင်း၊ ဒဏ်ရာဖြင့်သတိလစ်နေသော သန်းထွန်းလှိုင်အား ဆေးကုသခဲ့ကြောင်း၊ မတ် ၁၃ ရက် နံနက်ပိုင်းတွင် သန်းထွန်းလှိုင်မှာ မိုးသီဟ၏ မိဘများဖြစ်သည့် ဦးမိုးနိုင်နှင့် ဒေါ်ချိုချိုဝင်းတို့ နေအိမ်အပေါ်ထပ် အိပ်ခန်းတွင် ပါးစပ်မှအမြှုပ်များထွက်၍ သေဆုံးသွားသဖြင့် ဆိုင်ကယ်မှောက်သေဆုံးဟန်ဖြစ်အောင် မြေနီလမ်းသို့ ရွှေ့ပြောင်းနေရာချထားခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာက ယင်းအမှုကိစ္စနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (ဝင်းဝင်းမော်-သတင်းစဉ်)

အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း

ပူတာအို ဩဂုတ် ၂၄

ကချင်ပြည်နယ် ပူတာအိုမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၉)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၉နာရီခွဲက အဆိုပါအိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး အခြေခံအိမ်တွင်းမှုသင်တန်းမှဆုရရှိသူ ကျောင်းသူတစ်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသူမောင်ကလည်းကောင်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းမှဆုရရှိသူ ကျောင်းသူတစ်ဦးအား ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်ကို ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးခိုင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ကျောင်းသား (၂၀၀) နှင့် အင်ဂျင်နီယာ သိပ္ပံကျောင်းသား (၂၀၀) အထိ တိုးမြှင့် လက်ခံသင်ကြားပေးရန် စီမံထားရှိပါ ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ မြန်မာ့မီးရထားနှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြန်လည်ဖြေကြားသည်။

နောင်ချို မဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **“ဂုတ်ထိပ်မီးရထားလမ်း ပေါင်းကူးတံတား ကြီးကို အသစ်ပြန်လည်တည်ဆောက်ပေး ရန်”** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၀၂ ခုနှစ် ဧပြီ (၂၆) ရက်က JICA နှင့် မြန်မာ့ မီးရထားတို့၏ စစ်ဆေးတွေ့ရှိချက်အရ တံတားအခြေအနေ ခိုင်ခံ့ကောင်းမွန်နေ ပါကြောင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်သွား ပါက သက်တမ်းကြာမြင့်စွာ ဆက်လက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ **မြန်မာ့ မီးရထားအနေဖြင့် နှစ်စဉ်ပုံမှန်စစ်ဆေး ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းအပြင် အခါ အားလျော်စွာ သီးခြားပညာရှင်များအဖွဲ့ ဖြင့်လည်း စစ်ဆေးခြင်းများ ဆောင်ရွက် လျက်ရှိပါကြောင်း၊ ရထားပြေးဆွဲမှုမပြတ် တောက်ရေးအတွက် လက်ရှိဂုတ်ထိပ် တံတား၏ အောက်ဘက်အနိမ့်ပိုင်းတွင် အရန်အဖြစ် ရထားလမ်းတစ်လမ်းကို ဖောက်လုပ်ထားပြီးဖြစ်ပါကြောင်း၊ နှစ်စဉ် ရန်ပုံငွေများ ခွဲဝေသတ်မှတ်လျက် ပုံမှန် စစ်ဆေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ဦးစားပေးပြုပြင်

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးမြင့်သူ၏ **‘လူစီးရထားတွဲများ နိုင်ငံ တကာ အဆင့်မီရေး၊ ရထားလမ်းများ ကြံ့ခိုင်ရေးနှင့် ဘူတာများ သန့်ရှင်းရေး တို့အတွက် ဘက်စုံအဆင့်အတန်းမြင့်မား စေရေး ပြုပြင်ဆောင်ရွက်ပေးရန်’** မေးခွန်း နှင့်စပ်လျဉ်း၍ လူစီးတွဲများဝယ်ယူနိုင်ရန် စီစဉ်လျက်ရှိပြီး (၂)နှစ်ခန့်အတွင်း ရောက်ရှိကြမည်ဖြစ်ရာ ထိုအချိန်တွင် လက်ရှိအဆင့်အတန်းထက် ပိုမိုမြင့်မား လာမည်ဖြစ်ပါကြောင်း၊ လက်ရှိအနေ အထားတွင်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ကြိုးပမ်း လျက်ရှိပါကြောင်း၊ ခရီးသည်လက်မှတ်ခ၊ ကုန်တန်ဆာခများ ဖြစ်သင့်သည့် အတိုင်း အတာအထိ တိုးမြှင့်နိုင်ပါက ရထားဝင်ငွေ တိုးတက်လာသည်နှင့်အမျှ ရထားအဆင့် အတန်း တိုးတက်ရေးကိုလည်း ပိုမို လုပ်ဆောင်နိုင်မည့် အခြေအနေရှိပါ ကြောင်း၊ ဘူတာသန့်ရှင်းရေးအတွက် ပြင်ပလုပ်ငန်းရှင်များသို့ တင်ဒါခေါ်ယူ၍ ကန်ထရိုက်ပေးခြင်းစနစ်ကို ကျင့်သုံးလျက် ရှိပါကြောင်း၊ လွတ်လပ်ရေးမတိုင်မီ ဆောက်လုပ်ခဲ့သော ဘူတာများအား ဦးစား ပေးအလိုက် ပြုပြင်သွားရန် အစီအစဉ်ရှိ ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **“ရန်ကုန်ဆိပ်ကမ်း တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၊ အခြေခံ ကုန်တင်ကုန်ချ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ သင့်လျော်သည့်နေရာတွင် ဆောက်လုပ်ပေး ရန်နှင့် ရန်ကုန်မြစ်အတွင်း စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များ၊ ဗေဒါပင်များကြောင့် လိုအပ်နေသော ဆိပ်ကမ်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက် ပေးရန်”** မေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြန်လည် ဖြေကြားရာတွင် နိုင်ငံတော်ထံမှ ရန်ပုံငွေ တောင်းခံရရှိပါက ဝန်ထမ်းများ နေထိုင်မှု အဆင်ပြေစေရေးအတွက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်တွင် မြေကွက်လပ်များ ရှာဖွေ ၍ အိမ်ရာများတိုးချဲ့ ဆောင်ရွက်ပေးသွား မည့် အစီအစဉ်ရှိပါကြောင်း၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအနေဖြင့် ရန်ကုန်မြစ် တွင်း သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ယူဆောင်ရွက်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအား တာဝန် ပေးအပ်ထားပါကြောင်းနှင့် လိုအပ်သည့် အဖွဲ့အစည်းများ ထပ်မံတိုးချဲ့ဖွဲ့စည်းပြီး ဆိပ်ကမ်းသာယာလှပရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ယခင်က ထက် ပိုမိုတိုးတက်အောင် စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြား သည်။

ထို့နောက် ကျောက်တန်းမဲဆန္ဒနယ် မှ ဦးအောင်ကျော်ခင်၏ **“ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ် ပန်းတော- ကမာကလုတ်- မင်္ဂလွန်း-ခနောင်-တံတား ကျောက်ခင်းလမ်း (၂၂)မိုင် (၁)ဖာလုံအနက် ကျန်ရှိသော လမ်းပိုင်း (၁၅) မိုင် (၆) ဖာလုံအား ကတ္တရာလမ်း (သို့မဟုတ်) ကွန်ကရစ်လမ်းအဖြစ် တိုးမြှင့်ပေးရန်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပန်းတော-ဘောဂလွတ်-ချောင်းဝ-မီးပြ- ဖွဲ့ဘာတုန်းတန်း-သံတဲ မြေသားလမ်း (၁၄ ဒသမ ၅ မိုင်)အနက် ကျန်လမ်းပိုင်း (၈)မိုင် (၇)ဖာလုံအား ကျောက်ချောလမ်း (သို့မဟုတ်) ကွန်ကရစ်လမ်းဖြင့် ခင်းကျင်း ပေးရန်”** မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည် ဖြေကြားရာတွင် ကဒ္ဒပန-ခနောင်-ကမာ ကလုတ်-ပန်းတောလမ်းသည် ရေငန်တား တာပေါင်ကို လမ်းအဖြစ် ဖောက်လုပ်ထား ခြင်း၊ မိုးရွာသွန်းမှုများပြားခြင်း၊ လမ်း တာပေါင်အတွင်း ရေစိမ့်ဝင်မှုများခြင်း၊ လမ်းသားခံနိုင်မှု အားနည်းခြင်းတို့ကြောင့် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပါက အချိန်တိုအတွင်း ပျက်စီးသွားနိုင်ပြီး ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ရန် ရန်ပုံငွေလိုအပ်ချက် များပြားသည့်အတွက် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါ ကြောင်း၊ စံပြရွာကြီးများအတွင်းရှိ ကျောက်ချောလမ်းများအား ကတ္တရာ လမ်း အပိုင်းလိုက်ခင်းခြင်းနှင့် သစ်သား တံတားများကို သံကူကွန်ကရစ်တံတား များအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း များ ဆောင်ရွက်နိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းနှင့် သာမန် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့တွင် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအရ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း။

အဓိကထားဆောင်ရွက်

ပန်းတော-မီးပြ-ကမာကလုတ်လမ်း သည် ရေငန်တား တာပတ် တာပေါင်လမ်း ဖြစ်သဖြင့် ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ်သာ အဓိကထား ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ် လမ်းအဖြစ် ဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်း၊ ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းနှင့် သံကူကွန်ကရစ် တံတားများအဖြစ် အဆင့်မြှင့်နိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း နှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ တို့တွင် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှု အရ လုပ်ငန်းများဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေ ကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စား လှယ် (၂)ဦးက ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ မေးခွန်း (၂)ခုကို မေးမြန်းခဲ့ရာ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြား သည်။

လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ၏ **“ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ မြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်တည်ဆောက်ပေးရန်”** မေးခွန်း နှင့် စပ်လျဉ်း၍ လှိုင်သာယာမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ တင်ပြ တောင်းခံ၍ ရရှိပါက ပြန်လည်ဆောက်လုပ် ပေးသွားမည်ဖြစ်ပါကြောင်း။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **“အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနည်းတူ နိုင်ငံ့ဝန်ထမ်းများ၏ အခြေခံလစာငွေကို တိုးမြှင့်ပေးရန်’** မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်

မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော် မြင့်(ခ)ဦးဖိုးတုတ် မေးမြန်းစဉ်။ (သတင်းစဉ်)

ရှိသော **နိုင်ငံ့ဝန်ထမ်းများ၏ အခြေခံလစာ နှုန်းထားများ တိုးမြှင့်ပေးရန်အတွက် နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲသော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှု နှုန်းနှင့် ကုန်ဈေးနှုန်းအခြေအနေ၊ တစ်မျိုး သားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ထည့်သွင်း စဉ်းစားပြီး သင့်တော်သော အချိန်ကာလ တွင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း**ဖြင့် ဖြေကြားသည်။

ပြန်လည်ဖြေကြား

ဆက်လက်၍ လွှတ်တော်ကိုယ်စား လှယ် (၄) ဦး၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၄) ခုကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ၏ **“ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်း ကျောင်းများတွင် လိုအပ်နေသော စာသင်ခုံ အစုံ ၈၉၀အား စီစဉ်ဆောင်ရွက်ပေးရန်”** မေးခွန်းနှင့် စပ်လျဉ်း၍ လှိုင်သာယာ မြို့နယ်အတွင်း အခြေခံပညာကျောင်း (၁၂)ကျောင်း၌ လိုအပ်သော စာသင်ခုံ အစုံ (၈၉၀)အား ခွဲဝေပေးနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စိစစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **“လက်ရှိအခြေခံပညာအထက်တန်းအဆင့် ပညာသင်နှစ်ကို တစ်နှစ်ထပ်မံ တိုးမြှင့် သင်ကြားပေးရန်”** မေးခွန်းနှင့် စပ်လျဉ်း၍ အထက်တန်းအဆင့်တွင် နိုင်ငံတကာ သင်ရိုးမာတိကာကို အဆင့်မီ ပြုစုရေးဆွဲ သင်ကြားပေးလျက်ရှိသော်လည်း ပညာသင် ကာလ (၃)နှစ် သတ်မှတ်သင်ကြားပေးရန် သင့်/မသင့် လေ့လာသုံးသပ်ဆဲ ဖြစ်ပါ ကြောင်း၊ အထက်တန်းအဆင့်တွင် အတန်းတစ်တန်း တိုးချဲ့သင်ကြားနိုင်ရေး အတွက် လိုအပ်သည်များကို ပြင်ဆင် ဆောင်ရွက်နိုင်ရန် အချိန်ကာလ (၂)နှစ်ခွဲ ခန့် ကြာမြင့်နိုင်ပါကြောင်း၊ ကျခံသုံးစွဲရမည့် ဘဏ္ဍာငွေပမာဏကိုလည်း နိုင်ငံတော်က ထိုကာလအတွင်း ဖြည့်ဆည်းပေးရမည် ဖြစ်သဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ နှင့် ကုန်ကျစရိတ်များကို အသေးစိတ် စိစစ်တွက်ချက်၍ ပြည်ထောင်စုအစိုးရ အဖွဲ့အတွင်း ပြန်လည်ဆွေးနွေးညှိနှိုင်း

ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ နေလင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပြီးမှသာ စတင်နိုင်မည့်နှစ်ကို ဖြေကြား နိုင်မည်ဖြစ်ပါကြောင်း။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်း ညွှန့်၏ **“စာသင်ကျောင်းများ၌ အာဇာနည် ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သည့် ကဗျာ၊ အတ္ထုပ္ပတ္တိများ ဖတ်ကြားဆွေးနွေး ခြင်းများ ပြန်လည်ပြုလုပ်ရန်ရည်ရွယ်ချက် ရှိ/မရှိ သိရှိလိုကြောင်း’** မေးခွန်းနှင့် စပ်လျဉ်း၍ ၁၉၈၈ ခုနှစ် အရေးအခင်း ကာလနှင့် နောက်ပိုင်းနှစ်များတွင် အာဇာ နည်နေ့ကို အကြောင်းပြုပြီး နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု ပျက်ပြားစေရန် စည်းရုံးလှုံ့ဆော်မှုများရှိခဲ့၍ အကြို လှုပ်ရှားမှုများကို လျှော့ပေါ့ခဲ့သော်လည်း မြန်မာစာနှင့် သမိုင်းသင်ခန်းစာများတွင် အာဇာနည်နေ့ဖြစ်ရပ်များ အပါအဝင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း သင်ခန်း စာများကို ယခင်ကအတိုင်း ထည့်သွင်း သင်ကြားပေးလျက် ရှိပါကြောင်းနှင့် အာဇာနည်နေ့ အကြိုလှုပ်ရှားမှုများဖြစ် သည့် ကဗျာရွတ်ဆိုခြင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ဟောပြောပွဲများကျင်းပခြင်းတို့ကို နှီးဆော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်ဆောင်ရွက်

လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ **“MRTV-4 တွင် တက္ကသိုလ်ဝင်တန်း အတွက် သင်ခန်းစာပို့ချမှုများ ရပ်ဆိုင်းခဲ့ ခြင်းနှင့် ပတ်သက်၍ ဆက်လက်ထုတ်လွှင့် ရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ **MRTV-4 မှ ပညာရေးသင်ခန်းစာများ ထုတ်လွှင့်ရာ တွင် ပညာရေးဝန်ကြီးဌာနက ပေးပို့ထား သည့် သင်ခန်းစာပို့ချချက်များမဟုတ်ဘဲ ကိုယ်ပိုင်ကျောင်း/ကိုယ်ပိုင်သင်တန်းများ တွင် ဘာသာပြ ကိုယ်ပိုင်ကျောင်းဆရာ သို့မဟုတ် ဘာသာရပ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်နေသည့် နာမည်ကြီး Tu- ition ဆရာများ၏ ပို့ချချက်များသာ ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားဌာနများက ပညာရေးသင်ခန်းစာများကို ထုတ်လွှင့် လိုပါက ပညာရေးဝန်ကြီးဌာနက ပေးပို့ ထားသည့် ပို့ချချက်များကိုသာ ထုတ်လွှင့် ပေးသင့်ကြောင်း၊ ရုပ်မြင်သံကြားအစီ အစဉ်များမှ ထုတ်လွှင့်ရေးဆိုင်ရာကိစ္စများ နှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန နှင့် ပြန်လည်ညှိနှိုင်းသတ်မှတ်ရန် ရှိသဖြင့် ဝန်ကြီးဌာန (၂)ခု ညှိနှိုင်းဆုံးဖြတ်သည့် အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် မူဆယ်မဲဆန္ဒနယ်မှ စိုင်းဘိုးအောင်၏ **“ဆေးလိပ်နှင့်ဆေးရွက် ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ် ရေး ဥပဒေတွင် ဆေးလိပ်ငွေ့ ကင်းစင်ရ မည့်နေရာကို ဖြည့်စွက်ပြဋ္ဌာန်းနိုင်ခြင်း ရှိ/မရှိ၊ မြို့တွင်းလူနေရပ်ကွက်ရှိ စီးကရက် စက်ရုံ၊ ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ် သည့် စက်ရုံများနှင့် သက်ဆိုင်ခြင်း ရှိ/မရှိ နှင့် အဆိုပါ စက်ရုံများကို မည်သို့ စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုပါ ကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်က ကလေးကစားရုံနှင့် ကစား ကွင်းများ၊ ကျောင်းပရိဝုဏ်အတွင်း ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ သင်ကြားရေးအဆောက်အအုံ၊ စာသင် ခန်း၊ ရုံးခန်း၊ ပရိဝုဏ်နှင့် ပရိဝုဏ်အတွင်း ရှိ အခြားအဆောက်အအုံများသည် ဆေးလိပ် လုံးဝသောက်ခွင့်မရှိသော နေရာများတွင် အကျုံးဝင်ပါကြောင်း၊ ဆေးလိပ် လုံးဝသောက်ခွင့်မရှိသော နေရာများတွင် ဆေးလိပ်သောက်သုံး ခြင်းမပြုရန် တားမြစ်ပြဋ္ဌာန်းချက်ကို လိုက်နာခြင်းဖြင့် ထိုနေရာများသည် ဆေးလိပ်ငွေ့ကင်းစင်သည့် နေရာအဖြစ် ရောက်ရှိမည် ဖြစ်သောကြောင့် ဥပဒေ တွင် “ဆေးလိပ်ငွေ့ကင်းစင်ရမည့်နေရာ” ကိုဖြည့်စွက်ရန် လိုအပ်ခြင်းမရှိပါကြောင်း၊ စီးကရက်စက်ရုံနှင့် ဆေးရွက်ကြီးထွက် ပစ္စည်းထုတ်လုပ်သည့် စက်ရုံများသည် ဤဥပဒေပုဒ်မ ၇ (ခ)အရ ဆေးလိပ် သောက်ခွင့်နေရာ စီမံထားရှိရမည့် အခြားစက်ရုံ၊ အလုပ်ရုံများနည်းတူသာ ဤဥပဒေနှင့် သက်ဆိုင်ပါကြောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့်အညီ အများပြည်သူကျန်းမာ ရေး၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် ဘေးအန္တရာယ် မကျရောက်စေရေးအပြင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး အတွက် နယ်မြေအလိုက် ကွင်းဆင်း စစ်ဆေး၍ ကြပ်မတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို သက်ဆိုင်ရာ ဝန်ကြီးဌာနက ရေးဆွဲလျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေပြဋ္ဌာန်းပြီးပါက ပတ်ဝန်းကျင်ထိန်း သိမ်းရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အတည်ပြု

ဆက်လက်၍ ယမန်နေ့ ပြည်သူ့ လွှတ်တော်အစည်းအဝေးတွင် တင်ပြခဲ့ သော ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် (၆) ဦးက ဆွေးနွေးကြပြီး ယင်းအစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က အဆို တင်သွင်းရာ လွှတ်တော်က အတည်ပြု သည်။

ထို့နောက် ယမန်နေ့က တင်သွင်းခဲ့ သည့် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ၏ **“ရင်းနှီးမြှုပ်နှံမှုစရိတ် ကျဆင်းစေရန် သွင်းကုန်များနှင့် ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်း မြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေး”** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃)ဦး ကလည်းကောင်း၊ **“စီးပွားရေးနှီးဆွ**

စာမျက်နှာ ၄ ကော်လံ ၆

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက် လာကြစဉ်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

ရွာသစ်တို့တွင်လည်း ဒီဇယ်အင်ဂျင်စက်များနှင့် ဓာတ်အားပေးလျက်ရှိပါကြောင်း၊ မော်ချီးတိုက်နယ်ဒေသတွင် မော်ချီးသတ္တုတွင်းမှ ဝန်ထမ်းအများစုရှိနေပြီး သတ္တုတွင်းပိုင် ၂၈၀ ကီလိုဝပ် အသေးစားရေအားလျှပ်စစ်စက်နှစ်လုံးဖြင့် ဓာတ်အားပေးနေသည်ဟု သိရှိရပါကြောင်း၊ ကယားပြည်နယ်အတွင်း ဓာတ်အားပေးရန် ကျန်ရှိနေသည့် အထက်ပါမြို့နယ်များ၊ မြို့နယ်ခွဲနှင့်တိုက်နယ်တို့အား နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

ချင်းပြည်နယ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားမရရှိသေးသော်လည်း ကန်ပက်လက်မြို့ အပါအဝင် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ကျီခါး၊ ရိဒ်ခေါဒါရ်၊ မင်းတပ်၊ မတူပီ၊ ဓာတ်အားပို့လွှတ်ရန်ရည်မှန်းပြီး ဓာတ်အားရောက်ရှိပြီးဖြစ်သည့် ကျောမှတစ်ဆင့် ဂန့်ဂေါမြို့ကို (၆၆)ကေဗွီဓာတ်အားလိုင်းမိုင် (၃၀)နှင့် ဆက်စပ်ဓာတ်အားခွဲရုံများ တည်ဆောက်သည့်လုပ်ငန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စတင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ရေဗွာမြို့များတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ မြို့လျှပ်စစ်ရုံးစုစုပေါင်း ၁၁ ရုံး ဖွင့်လှစ်၍ အင်ဂျင်စက်များ၊ အသေးစား ရေအားလျှပ်စစ်စက်များဖြင့် ဓာတ်အားပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော် ဓာတ်အားစနစ်အတွင်း ပိုမိုထွက်ရှိလာမည့် အခြေအနေများအရ ချင်းပြည်နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ

ပိုမိုအသုံးပြု

ဆက်လက်၍ ဂန့်ဂေါ-ဟားခါး၊ ဟားခါး - ဖလမ်း - သိုင်းငင်း - ကလေး-ကလေးဝ၊ ကလေး-တမူး၊ ပေါက်-မင်းတပ်၊ မင်းတပ်-မတူပီ (၆၆)ကေဗွီဓာတ်အားလိုင်းများနှင့် ဆက်စပ်ဓာတ်အားခွဲရုံများကို အထူးစီမံကိန်းများအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ စီမံကိန်းများနှင့် မြစ်သာ၊ မဏိပူရ ရေအားလျှပ်စစ် စီမံကိန်းများပြီးစီးပါက ချင်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ပိုမိုအသုံးပြုလာနိုင်မှာ ဖြစ်ပါကြောင်း။

တစ်ဖန် လေးမြို့၊ စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းများပြီးစီးပါက ရခိုင်ပြည်နယ် ကျောက်တော်မြို့မှ တစ်ဆင့် ချင်းပြည်နယ် ပလက်ဝမြို့ကိုလည်းကောင်း၊ ပေါက်-မင်းတပ်-မတူပီ ဓာတ်အားလိုင်းတည်ဆောက်ပြီးပါက မကွေးတိုင်းဒေသကြီး ဆောမြို့မှတစ်ဆင့် ချင်းပြည်နယ် ကန်ပက်လက်မြို့ကို လည်းကောင်း ဓာတ်အားလိုင်း ဆက်သွယ်ပို့လွှတ်နိုင်မှာ ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မေးမြန်း

ယင်းနောက် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦးက **"ချောင်းပြန့်ကျေးရွာ ထင်းစိုက်ခင်း ဧက ၅၀အား ထင်းစိုက်ခင်းမှန်းသိရှိလျက် ခုတ်သိမ်းရောင်းချပြီး ကျူးကျော်စိုက်ပျိုးမှုအပေါ် အရေးယူဆောင်ရွက်ခြင်း ရှိ၊မရှိ"** နှင့် စပ်လျဉ်း၍ မေးမြန်းသည်။

ယင်းမေးခွန်းနှင့် စပ်လျဉ်း၍ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းထွန်းက ပြန်လည်ဖြေကြားရာတွင် **မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကဇိုင်းကျေးရွာအုပ်စု၊ ချောင်းပြန့်ကျေးရွာသည် ဘီးလင်းကြိုး ဝိုင်းအကွက်အမှတ်(၁၃)တွင် တည်ရှိပြီး ရွာမြေဧရိယာ ဧက ၇၀ ရှိပါကြောင်း၊ ဘီးလင်းကြိုးဝိုင်းအတွင်း ကျေးရွာသုံးစိုက်ခင်းများအနက် စုစုပေါင်းဧက ၄၀ ကို ချောင်းပြန့်ကျေးရွာသို့ လွှဲပြောင်းပေးခဲ့ပါကြောင်း၊ အဆိုပါ စိုက်ခင်းများကို ချောင်းပြန့်ကျေးရွာသားများက ခုတ်ယူသုံးစွဲကြပြီးဖြစ်သည့်အတွက် ၂၀၁၁ခုနှစ် ဧပြီလတွင် ၄င်းစိုက်ခင်းမြေနေရာ ဧက ၄၀ ကို သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံပြီး ဖြစ်ပါကြောင်း၊ ယနေ့အထိ ၄င်းမြေဧရိယာကို မည်သည့်ပုဂ္ဂလိက ကိုမျှ စိုက်ပျိုးလုပ်ကိုင်ခွင့် ပေးထားခြင်းမရှိကြောင်း၊ ဌာန၏ ခွင့်ပြုချက်မရရှိဘဲ အထက်ပါကျေးရွာသုံး စိုက်ခင်းဧရိယာတွင် သီးနှံများ စိုက်ပျိုးထားခြင်းအပေါ် သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊** သစ်တောဦးစီးဌာနသို့ အဆိုပါမြေနေရာ ပြန်လည်အပ်နှံပြီး ဖြစ်သည့်အတွက် ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ကျေးရွာလူထု၏ ရန်ပုံငွေ သို့မဟုတ် ဌာနရန်ပုံငွေဖြင့် ကျေးရွာပိုင်ထင်းစိုက်ခင်းများကို ပြန်လည်တည်ထောင်သွားမှာဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့် တင်သွင်းထားသည့် **"သစ်တောကြိုးဝိုင်း ဧရိယာအတွင်း ရောက်ရှိနေထိုင်လျက်ရှိသော မိသားစုများ၏ သားသမီးများပညာရေးကို စဉ်းစားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ပြန်လည်ရုပ်သိမ်းရန်နှင့် မေးခွန်းအဖြစ်ပြောင်းလဲ မေးမြန်းရန် လွှတ်တော်က ဆုံးဖြတ်သည်။

ပြန်လည်ဖြေကြား

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အဆိုတင်သွင်း

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **"ပါရဂူဘွဲ့ပေးသည့် တက္ကသိုလ်များ၏ အဆင့်အတန်းမြင့်မားရေးတွင် ပထမအဆင့်အနေဖြင့် အရှေ့တောင်အာရှ အဆင့်မီစေပြီး၊ ဒုတိယအဆင့်အနေဖြင့် ကမ္ဘာ့အဆင့်မီစေရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်က **"ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များ ပို့ချသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပထမနှစ်သာမက ဒုတိယနှစ်သင်တန်း၌ ပင်ရင်းမြန်မာစာသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦးက **"နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် **"ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတို့ကို လည်းကောင်း တင်သွင်းကြသည်။

ကြေညာ

ယင်းအဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်ကျင်းပ

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ မြင့်ကြည် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ (၃)မှ

ငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလတစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်း အဖွဲ့အစည်းတစ်ရပ်ထူထောင်လုပ်ကိုင်ရေး" အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃)ဦးကလည်းကောင်း ဆွေးနွေးကြပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးကြည်မြင့်က ၄င်း၏ အဆိုများကို ပြန်လည်ရုပ်သိမ်းလိုကြောင်း တင်ပြရာ လွှတ်တော်က သဘောတူကြောင်း အတည်ပြုဆုံးဖြတ်သည်။

ဆက်လက်၍ ယမန်နေ့ကတင်သွင်းခဲ့သည့် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်၏ **"မြန်မာနိုင်ငံ ဆေးကောင်စီ (Myanmar Medical Council) အား အစိုးရမဟုတ်သော၊ လွတ်လပ်သော Professional Body အဖြစ် ရပ်တည်ခွင့်ပြုမိန့်"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက လည်းကောင်း၊ **"ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ (Medical Protection Society) ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက လည်းကောင်းဆွေးနွေးကြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင်ဒေါက်တာမောင်မောင်ဝင့်၏ အဆိုများကို လွှတ်တော်က သဘောတူကြောင်း အတည်ပြုဆုံးဖြတ်သည်။

အဆိုတင်သွင်း

ထို့နောက် တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၈(ဂ)ပါ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ မြို့နယ်အလိုက်၊ တိုင်းရင်းသား မိဘပြည်သူများနှင့် ပုဂ္ဂလိကအလှူရှင်များက ပညာရေးရန်ပုံငွေ ထူထောင် ဆောင်ရွက်သင့်ကြောင်း"** အဆို၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **"၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထေမဲ့မြင်ပြုမှုအက်ဥပဒေ (The Contempt of Courts Act., Act XII,1926) ကို ရုပ်သိမ်းပေးပါရန်"** အဆိုတို့ကို တင်သွင်းကြသည်။

ယင်းအဆိုများကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့်အတွက် ယင်းအဆိုများကို ဩဂုတ် ၂၅ ရက် (ကြာသပတေးနေ့) တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ယနေ့ညနေပိုင်း၌ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ယင်းနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ညနေ ၄ နာရီ ၁၀ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး စတုတ္ထနေ့ကို ဩဂုတ် ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၅-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၃၅	၆။	မျိုးချစ်တပ်မတော်
၇း၄၀	၇။	မြန်မာ့ရှုခင်း
၇း၄၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၃	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၃၅	၇။	ဗွီစီဒီကျော်ကြားတေး
၄း၄၅	၈။	မွေးမြူသုတ
၄း၅၀	၉။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၁၀။	သန့်စွာကိုင်လေ စက္ကူငွေ
၅း၁၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၉၄)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	**ထူးဆန်းထွေလာ မျက်လှည့်ပညာ**
၆း၄၅	၁၆။	ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၅၁)
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း -၅၅)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဒို့တာဝန်အရေး(၃)ပါး
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	အနုပညာရှင်၏တစ်နေ့တာ
	၂၄။	ကုန်သွယ်သုတ
	၂၅။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ်အိပ်မက်လေးရယ်** (အပိုင်း-၃၄)
	၂၇။	ဂီတရင်ခုန်သံ

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မောင်တောမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ ဖလမ်းမြို့တွင် ၄ ဒသမ ၂၁ လက်မ၊ မချမ်းဘောမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၄၈ လက်မနှင့် ခန္တီးမြို့တွင် ၂ ဒသမ ၃၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

တိုးမြှင့်ပင်စင်လစာငွေများ မှန်ကန်စွာရရှိခံစားနိုင်ရေးနှင့် ပင်စင်စားများ စိတ်ချမ်းသာရေး တက်ညီလက်ညီဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် စစ်တွေတိုင်းရင်းဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေကြသည့် လူနာများအား တစ်ဦးချင်းစီသို့ ဆေးကုသမှုထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံအုပ်ခန်းမ၌ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးစိုးမြင့်နှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်ပညာရေးမှူးရုံးနှင့် ပြည်နယ်ပင်စင်ဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဝန်ထမ်းများ၏ ပင်စင်လစာရရှိရေး၊ ပင်စင်ခံစားပြီးသူများ၏ တိုးမြှင့်ပင်စင်လစာငွေများ တိကျမှန်ကန်စွာဖြင့် အမြန်ဆုံးရရှိခံစားနိုင်ရေး၊ ပင်စင်စားများ စိတ်ချမ်းသာရေးတို့အတွက် တက်ညီလက်ညီဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ပြည်ပသို့ ဆန်တိုက်ရိုက်တင်ပို့

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေချို၊ ရေငန်ထွက် ရေထွက်ပစ္စည်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ (ကန့်သတ်ကုန်ပစ္စည်းများမှအပ) အပါအဝင် ပြည်ပပို့ကုန်အမျိုးအစားများ၏ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ)အရ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၅ ရက်မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်အထိ ခြောက်လကင်းလွတ်ခွင့်ပြုခဲ့ရာ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ပြည်ပသို့ (၁၅)နှစ်တာအတွင်း ပထမဦးဆုံး ဆန်တိုက်ရိုက်တင်ပို့ခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဟသ်ာတ ဆန်စပါးအထူးပြုကုမ္ပဏီ၊ ရောဝတီပုသိမ် ဆန်စပါးအထူးပြုကုမ္ပဏီနှင့် ရောဒီပါ ဆန်စပါးအထူးပြုကုမ္ပဏီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပုသိမ်မြို့ ဝဲဒေါင့်ဆိပ်ကမ်းမှ တစ်ဆင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ဆန်မက်ထရစ်တန်ချိန် ၃၁၀၀ ကို တိုက်ရိုက်တင်ပို့ရာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံ၏ စပါးကျီ ရောဝတီတိုင်းဒေသကြီးမှ ဆန်စပါးများကို ပုသိမ်ဆိပ်ကမ်းမှတစ်ဆင့် ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာစေပြီး တောင်သူများအတွက်လည်း ဈေးကောင်းရရှိနိုင်ကြောင်း သိရသည်။

ထို့အပြင် တိုက်ရိုက်ကြိတ်ခွဲတင်ပို့နိုင်၍ သိုလှောင်စရိတ် သက်သာစေပြီး အရည်အသွေး ပိုမိုကောင်းမွန်လာမည်ဖြစ်သဖြင့် အရည်အသွေးမြင့်မားသော ဆန်များကို ပြည်ပဈေးကွက်သို့ ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်သည်။

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ပြည်ပနိုင်ငံများသို့ ပုံမှန်ဆန်တင်ပို့ရောင်းချနိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ "ရောဝန်" ဆန်စပါးအထူးပြုကုမ္ပဏီနှင့် ဟသ်ာတ ဆန်စပါးအထူးပြုကုမ္ပဏီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပေါင်းဆန်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါကလည်း ပေါင်းဆန်များကို ပုသိမ်ဆိပ်ကမ်းမှ တစ်ဆင့် ပြည်ပဈေးကွက်သို့ တိုက်ရိုက်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ပုသိမ်ဆိပ်ကမ်းသည် ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေး လမ်းကြောင်းအတွင်း အချက်အချာကျသော ဆိပ်ကမ်းတစ်ခုဖြစ်သည်နှင့် အညီ အနာဂတ်တွင် ဆန်စပါး၊ ပဲမျိုးစုံ စသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ ဆားနှင့် ရေထွက်ပစ္စည်းများအပါအဝင် ဒေသထွက်ကုန်ပစ္စည်းများကို အမြောက်အမြား တင်ပို့နိုင်ရေးအတွက် သင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

Training on Enhancing Quality Assurance သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ယနေ့နံနက် ၉ နာရီတွင် Training On Enhancing Quality Assurance ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းကို ASEAN University Network (AUN) က အာဆီယံဒေသအတွင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တက္ကသိုလ်များအချင်းချင်း စည်းလုံးညီညွတ်ပြီး တစ်သားတည်းရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

တက်ရောက်

သင်တန်းသို့ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်ပညာရေးကောလိပ်တို့မှ သင်တန်းသား (၂၅)ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား



ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်အမျိုးသမီးအလွတ်တန်း ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဟသ်ာတခရိုင် ဟသ်ာတမြို့ ပြည်သူ့အားကစားပြိုင်ကွင်း၌ ဩဂုတ် ၁၉ ရက်က ကျင်းပစဉ်။ (၀၇၅)

ASC (C) လိုင်စင် Coaching Course သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်နှင့် အာရှသေနတ်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ASC (C) လိုင်စင် Coaching Course (RIFLE) ၂၀၁၁ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ နိုင်ငံခြားသား သင်တန်းသား လေးဦး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)တို့မှ သင်တန်းသား သင်တန်းသူ ၂၆ ဦး စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမျိုးသားရေကူးကန်နှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်နေသော ပဏာမသိုင်းလက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပဏာမသိုင်းလက်ရွေးစင် အားကစားသမားများအား ဖြည့်စွက်အာဟာရစားသောက်ရန်အတွက် ငွေကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

မိုးရာသီဘောလုံးပြိုင်ပွဲ ဂန့်ဂေါတွင် ကျင်းပ

ဂန့်ဂေါ ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဇုန်နယ်အလိုက် မိုးရာသီဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဩဂုတ် ၁၆ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပါဝင်ယှဉ်ပြိုင်

ကွင်းဖွင့်ပွဲသို့ ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြပြီး အဆိုပါ ပြိုင်ပွဲတွင် ရပ်ကွက်၊ ကျေးရွာ ဇုန်နယ်ဘောလုံးအသင်း ၁၇သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဟု သိရှိရသည်။ (၁၀၁)

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်

ရန်ကုန် ဩဂုတ် ၂၄

၂၀၁၁ ခုနှစ် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၅ ပေခန့်မှ ၂၁ ဒသမ ၆ ပေခန့်အထိ ထူးကဲဒီရေတက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၈ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၄

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. Mohamed Mijarul Quayes ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Major General Anup Kumar Chakma နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

ကြည့်ညို

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ဇီဝကလမ်းရှိ ဗဖားရ်ရှား ဂူဗိမာန်သို့ သွားရောက်ဂါရဝပြုကြပြီး ညပိုင်းတွင် ရွှေတိဂုံစေတီတော်အား သွားရောက်ကြည်ညိုကြသည်။ (သတင်းစဉ်)

မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်များ ပြုပြင်ထိန်းသိမ်း

နေပြည်တော် ဩဂုတ် ၂၄

၁၈၆၄ ခုနှစ်တွင် မန္တလေးတောင်ခြေ၌ မင်းတုန်းမင်းကြီး ဆောက်လုပ် လှူဒါန်းခဲ့သော သုဓမ္မာဇရပ် ၃၃ ဆောင်အနက် ကျန်ရှိသော ဇရပ် ၁၉ ဆောင်ကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ယခုနှစ်တွင် နိုင်ငံတော်ဘဏ္ဍာမှ ရရှိရန်ပုံငွေဖြင့် ဇရပ်ဆောင် (၆) ဆောင်၊ ပြည်သူလူထုလှူဒါန်းငွေဖြင့် ဇရပ်ဆောင် (၁၃) ဆောင်တို့ကို ပြုပြင်ထိန်းသိမ်းလျက်ရှိသည်။ (အပေါ်ပုံ)

ဌာနရန်ပုံငွေဖြင့် ဇရပ်ဆောင်အမှတ်(၅၊ ၁၀၊ ၁၁)တို့အား ပြုပြင်ထိန်းသိမ်းလျက်ရှိရာ ဆောင်ရွက်ရန်လျာထားလုပ်ငန်း၏ (၆၅)ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ပြည်သူလူထုလှူဒါန်းငွေဖြင့် ဇရပ်ဆောင်(၇၊ ၈၊ ၁၇)တို့ကိုလည်း အလားတူပြုပြင်လျက်ရှိရာ ဆောင်ရွက်ရမည့်လုပ်ငန်း၏ ၆၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ဆက်လက်၍ ပြည်သူလူထုလှူဒါန်းငွေဖြင့် ပြုပြင်ရန်ကျန်ရှိသည့် ဇရပ်များအနက် ဇရပ်ဆောင်အမှတ်(၉၊ ၁၅၊ ၁၉)တို့၏ တိမ်းစောင်းနေသောတိုင်များ ပြန်တည့်မတ်ခြင်း၊ ဆွေးမြည့်နေသော တိုင်အောက်ခြေများဖြတ်ခြင်း၊ တိုင်အောက်ခံ ကွန်ကရစ်အုတ်ဖိနပ်များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထု လှူဒါန်းငွေဖြင့် ပြုပြင်ထိန်းသိမ်းလျက်ရှိသောဇရပ်များ အမြန်ပြီးစီးရန် အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သုဓမ္မာဇရပ်များ၌ ၁၉၀၇ ခုနှစ်တွင် ရသေ့ကြီးဦးခန္တီ လှူဒါန်းချိတ်ဆွဲထားသည့် နိပါတ်တော်ရေးဟောင်းသွပ်ပန်းချီကားများကိုလည်း ပျက်စီးမှု မဖြစ်စေရေးအတွက် ခွင့်ပြုရန်ပုံငွေဖြင့် ပန်းချီကား ပြုပြင်ထိန်းသိမ်းမှု ကျွမ်းကျင်ပညာရှင်များက ကြီးကြပ်၍ ခေတ်မီဓာတုဗေဒနည်းဖြင့် သန့်စင်ခြင်း၊ ကြေးချတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ကြံ့ခိုင်အောင် ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးဘဏ်ခွဲများ ငွေစက္ကူအကြွေများ လဲလှယ်ပေး

မန္တလေး ဩဂုတ် ၂၄

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲအနေဖြင့် အများပြည်သူများ လက်ဝယ်ရှိ ဟောင်းနွမ်းစုတ်ပြဲငွေစက္ကူများ လျော့နည်းပပျောက်စေရေးနှင့် ငွေစက္ကူအကြွေအဆင်ပြေစေရန်အတွက် မန္တလေးမြို့ပေါ်ရှိ ဌာနဆိုင်ရာ ၃၁၉ ဌာနရှိ ဝန်ထမ်း ၄၆၈၁၂ ဦးအား ငွေစက္ကူအမျိုးအစား ကျပ် ၂၀၀၊ ကျပ် ၁၀၀၊ ကျပ် ၅၀ တန်များကို တစ်ဦးလျှင် အရွက် ၂၀ နှုန်းစီဖြင့် ယခုနှစ် မတ်လမှစ၍ လစဉ်ထည့်သွင်းထုတ်ပေးလျက်ရှိရာ ဇွန်လတွင် ဝန်ထမ်းတစ်ဦးလျှင် ကျပ် ၂၀၀တန်တစ်အုပ်နှုန်းစီ ထုတ်ပေးခဲ့ပြီး ယခုဩဂုတ်လတွင် ကျပ် ၂၀၀နှင့် ကျပ် ၁၀၀တစ်အုပ်နှုန်းစီ တိုးမြှင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)၊(၂)နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲ ငွေစက္ကူလဲလှယ်ရေးကောင်တာတို့၌ ဘဏ်လုပ်ငန်းချိန်အတွင်းတွင် လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)၌ အပတ်စဉ် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) နေ့များတွင်လည်းကောင်း ဟောင်းနွမ်းစုတ်ပြဲငွေစက္ကူများအား တန်ဖိုးတူ လဲလှယ်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောက်ကြီးမြို့၌ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ် မီးမျှောပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂၃)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာ မထေရ်မြတ်အား ဆီမီးကပ်လှူမီးမျှောပူဇော်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရပ်နီးရပ်ဝေးမှ ကုသိုလ်ရှင်များအနေဖြင့် သီးခြားကုသိုလ်ယူကာ အလှူငွေများ ထည့်ဝင်လိုလျှင်ဖြစ်စေ၊ ပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေများ ထည့်ဝင်လိုလျှင်ဖြစ်စေ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ကျော်စွာ ဖုန်း-၀၅၄-၄၉၀၉၄၊ ပွဲတော်ရန်ပုံငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်/ဘဏ်မန်နေဂျာ ဦးရီစိုး ဖုန်း-၀၅၄-၄၉၀၈၀၊ ပွဲတော်ကျင်းပရေးကော်မတီနာယက ဦးမောင်မောင်ကြည် ဖုန်း-၀၅၄-၄၉၁၄၅၊ ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း) ရန်ကုန် ဖုန်း-၀၁-၅၈၁၀၂၀၊ ဦးညွန့်ရွှေ ရန်ကုန် ဖုန်း-၀၁-၅၀၅၉၈၀၊ ဦးကျော်ဝင်း ရန်ကုန် ဖုန်း-၀၁-၅၅၉၄၇၄ နှင့် ဦးသိန်းနိုင် ရန်ကုန် ဖုန်း-၀၁-၅၄၈၄၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကင်းသာ-ပင်လောင်းလမ်းကြောင်း

သတင်းမှတ်စု- မောင်ချစ်ကြည်
ဓာတ်ပုံ- ကျော်သူဝင်း

ဒေသခံများ ခရီးသွားလာရေးအဆင်ပြေ

နေပြည်တော် ဩဂုတ် ၂၄

*၂၀၁၀ခုနှစ်က ဖွင့်လှစ်ခဲ့တဲ့ ကင်းသာလမ်းဆုံ **(ယာပုံ)** မှ ပင်လောင်းမြို့အထိ မော်တော်ကားလမ်းကြောင့် တပ်ကုန်းမြို့နဲ့ ပင်လောင်းမြို့ ဒေသခံတွေဟာ ခရီးလမ်း သွားလာရေး အဆင်ပြေနေကြပြီလို့ ဗျင်ကျယ်ရွာသား တစ်ဦးဖြစ်တဲ့ ဦးလူရှိန်က ပြောပါတယ်။*

အဲဒီလမ်းဟာ ရန်ကုန်-မန္တလေး ကားလမ်းဘေး အဆုံရွာအနီးက ဖြတ်သန်း ဖောက်လုပ်ထားတာ ဖြစ်ပြီး ၆၈မိုင် ၇ဖာလုံရှည်ပါတယ်။ အရင်က မြေကြီးလမ်းသာ ရှိခဲ့ပေမယ့် အခုတော့ အကျယ် ၁၄ပေရှိတဲ့ ကတ္တရာလမ်းအဆင့်အဖြစ် ဖောက်လုပ်ထားတာဖြစ်ပြီး လမ်းဘေးတစ်ဖက်တစ်ချက်မှာ ရေနုတ်မြောင်းတွေလည်း ဖောက်လုပ်ပေးနေတာမို့ ရေရှည်မပျက်စီးအောင် ဆောင်ရွက်ထားတာ မြင်တွေ့ရပါတယ်။

အခုဆိုရင် တပ်ကုန်းမြို့ အပါအဝင် နေပြည်တော်တစ်ဝန်းက ခရီးသွားပြည်သူတွေအတွက် ပန်းချယ်ရီသယ်ယူပို့ဆောင်ရေးက ဟိုင်းလတ်နဲ့ ဒတ်ဆန်းယာဉ်ငယ်တွေ အသုံးပြုပြီး နေ့စဉ်ပြေးဆွဲ ပေးနေပြီဖြစ်တာမို့ ခရီးသွားလာရေး အဆင်ပြေနေပြီဖြစ်ပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ်တောင်ပိုင်းက ကုန်ပစ္စည်းတွေကို နိုင်ငံတစ်ဝန်း ပို့ဆောင်ပေးမယ့် ကုန်တင်ကားကြီးတွေလည်း အဲဒီကားလမ်းကို အသုံးပြုပြီး ဖြတ်သန်းသွားလာနိုင်ကြတာမို့ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေတာတော့ အမှန်ပါပဲ။ ပြည်သူတွေ ခရီးသွားဖို့နဲ့ ကုန်စည်သယ်ဆောင်ဖို့အတွက် လက်တွေ့အသုံးဝင်တဲ့ ကားလမ်းလည်းဖြစ်ပါတယ်။

*ဒီကားလမ်းဟာ ရှမ်းတောင်တန်းတောင်စွယ်တွေကို ဖြတ်သန်းဖောက်လုပ်ထားရတာဖြစ်လို့ အနီးဝန်းကျင်က ကျေးရွာတွေဖြစ်တဲ့ ကုံးထို၊ ဗျင်ကျယ်၊ ကိုးကွေ့၊ ထောင်ကျ၊ ဖိုးကုန်း၊ လိန်းလီစတဲ့ ရွာပေါင်းများစွာက ဒေသခံတွေအတွက် အကျိုးပြုတဲ့ ကားလမ်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီကားလမ်း ရေရှည်တည်တံ့အသုံးပြုလို့ရအောင် ပြုပြင်ထိန်းသိမ်းမှုတွေ မပြတ်တမ်းပြုလုပ်ဖို့ ဒေသခံတွေက ဆန္ဒရှိနေကြပါတယ်။ **(မြန်မာ့အလင်း)***

အရိုးရောဂါပညာအဖွဲ့ ဆေးဘက်ဆိုင်ရာ ဟောပြောမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့မှ Basic Refresher Course for GPs သင်တန်းကို မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)တွင် ဩဂုတ် ၂၇ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ ထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါသင်တန်းတွင် ပါမောက္ခ ဦးသစ်လွင်၊ ပါမောက္ခ ဦးမြင့်သောင်း၊ ပါမောက္ခဦးဇော်ဝေစိုးတို့က "Quality Trauma Care" ခေါင်းစဉ်ဖြင့် ဟောပြောပို့ချမည်ဖြစ်သည်။ အဆိုပါ သင်တန်းတက်ရောက်လိုသူများသည် ဆေးတက္ကသိုလ် (၁) အရိုးရောဂါပညာဌာန ကြည့်မြင်တိုင် အရိုးရောဂါအထူးကုဆေးရုံကြီး ရန်ကုန်မြို့သို့လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) အရိုးရောဂါပညာဌာန၊ မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး ရန်ကုန်မြို့သို့လည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ရန်ကုန်မြို့သို့လည်းကောင်း ရုံးအချိန်အတွင်း မှတ်ပုံတင်၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ *(ဆရာဝန်အသင်း)*

ဆင်းရဲမှုလျော့နည်းပပျောက်ရေး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကို ကြိုဆို

MFWG က ချေးငွေအကူအညီပေးရန် အသင့်ရှိကြောင်း

ယူအင်ဒီပီ ဌာနေကိုယ်စားလှယ် ပြောကြား

ရန်ကုန် ဩဂုတ် ၂၄

အတွေ့အကြုံကောင်းများနှင့် ရယူခဲ့ပြီးသော သင်ခန်းစာများ အတူတကွ ဆွေးနွေးဖလှယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ MFWG (Micro Finance Working Group) က ဩဂုတ် ၁၆ရက်တွင် Summit Park View Hotel ၌ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံအသေးစားငွေကြေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ကို ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်၏ ကမကထပြုမှုဖြင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့များ ပူးပေါင်းကာ ၂၀၀၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။

ဆွေးနွေးဖလှယ်

အလုပ်ရုံဆွေးနွေးပွဲတွင် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့က နည်းပညာသဘောတရားများ၊ စံနမူနာပြ လုပ်ငန်းလုပ်ဆောင်ပုံများ၊ ဆင်းရဲနွမ်းပါးသူများကို ကောင်းစွာ အထောက်အကူပေးရေးအတွက် သင့်တော်သော လုပ်ငန်းအစီအစဉ်ရေးဆွဲပုံများကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်ခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်းတွင် ချေးငွေရယူလိုသူများ၏ ၁၀ရာခိုင်နှုန်းခန့်ကသာ ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်မိသည်။ ယူအင်ဒီပီ အသေးစား ငွေကြေးဝန်ဆောင်မှု စီမံကိန်းသည် အမြတ်အစွန်းကို အဓိကမထားသော ပက် (Pact) အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့မှ တစ်ဆင့် လက်ရှိ ပြည်တွင်းချေးငွေအဖွဲ့ဝင်များ၏ ၈၀ရာခိုင်နှုန်းကို အကူအညီပေးလျက်ရှိသည်။

ပြောကြား

ယူအင်ဒီပီ၏ ဌာနေကိုယ်စားလှယ် မစ္စတာ အက္ကဘာ အူစမာနီက အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ ချေးငွေ အကူအညီလိုအပ်နေသော များပြားသည့် နွမ်းပါးသူမိသားစုများကို ချေးငွေအကူအညီကောင်းစွာပေးနိုင်သည့် သင့်တော်သော အနေအထားတွင်ရှိကြောင်းဖြင့် ပြောကြားသွားသည်။ ထို့ပြင် နိုင်ငံတော်အစိုးရ၏ အစပျိုးအကောင်အထည်ဖော်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး ရည်မှန်းချက်များတွင် အသေးစားငွေကြေး ဝန်ဆောင်မှုလုပ်ငန်းကို အဓိက အချက်တစ်ရပ်အဖြစ် ထည့်သွင်းထားခြင်းကိုလည်း ကြိုဆိုလိုက်သည်။

အကူအညီပေး

ချေးငွေများအတွက် အပေါင်ပစ္စည်းပေးရန် မလိုပါ။ အတိုးနှုန်းမှာလည်း ငွေတိုးချေးစားသူများ၏ နှုန်းထားထက်နည်းပါးသည်။ ယခုအခါ အသေးစား ငွေကြေးဝန်ဆောင်မှုကို ဆင်းရဲနွမ်းပါးသူ မိသားစုပေါင်း လေးသိန်းကျော်အား အကူအညီပေးခဲ့ပြီး ဖြစ်သည်။

၁၉၉၇ ခုနှစ် ဇူလိုင်လမှ ၂၀၁၀ ခုနှစ် စက်တင်ဘာလကုန်အထိ ကာလအတွင်း ယူအင်ဒီပီ၏ အသေးစားငွေကြေးဝန်ဆောင်မှု စီမံကိန်းမှာ မြန်မာနိုင်ငံ၏ အကြီးမားဆုံး အသေးစားငွေကြေး ဝန်ဆောင်မှု လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နေရုံသာမက ကမ္ဘာ့အကြီးဆုံး အသေးစား ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ စာရင်းတွင် အဆင့် (၂၃)နေရာ၌ ရှိနေသည်။ လက်ရှိအားဖြင့် ချေးငွေအဖွဲ့ဝင်ပေါင်း ၄၀၀၀၀၀ ကျော်ရှိနေပြီး လည်ပတ်နေသော ချေးငွေ ပမာဏမှာ ကျပ်သန်းထောင်ပေါင်း ၃၆ ရှိသည်။ ချေးငွေများ၏ ပြန်ဆပ်နိုင်မှု ပမာဏမှာ ၉၈ရာခိုင်နှုန်းနှင့်အထက် ဖြစ်သည်။ ချေးငွေ အဖွဲ့ဝင်များထဲတွင် ၉၇ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြကြောင်း သိရှိရသည်။

(မြန်မာနိုင်ငံ အသေးစားငွေကြေး ဝန်ဆောင်မှု လုပ်ငန်းအဖွဲ့)

ပြည်တွင်း လူမှုစီးပွားသတင်းပဒေသာ ပြည်တွင်း လူမှုစီးပွားသတင်းပဒေသာ

သီးပင်စားပင်၊ ပန်းအလှပင်မျိုးစေ့ဝယ်မလား မြေပဒေသာကျွန်းတွင် အစုံအလင်ရှိ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်းအရောင်းဆိုင်များ၌ သီးပင်စားပင်၊ ပန်းအလှပင်၊ သစ်ပင်ပျိုးပင်နှင့် မျိုးစေ့များကို ရောင်းချလျက်ရှိသည်။ **(အပေါ်ပုံ)**ယခုအချိန် မိုးတွင်းကာလ၌ သီးပင်၊ စားပင်၊ ပျိုးပင်၊ သစ်မွှေးပင်စသည့် အပင်အမျိုးမျိုး အရောင်းရဆုံးဖြစ်ပြီး မြေပဒေသာကျွန်း အရောင်းဆိုင်များတွင် စားပင်၊ သီးပင်၊ ပန်းအလှပင် မျိုးစေ့များ အစုံအလင်ရှိကြောင်း သိရသည်။

ကမ္ဘာစိမ်းမြဆိုင်မှ အရောင်းတာဝန်ခံက "ကျွန်တော်တို့ဆိုင်မှာ သီးပင်၊ စားပင်၊ သစ်မွှေး၊ သစ်ခွ၊ စိန်တလုံးသရက်၊ ဒူးရင်း၊ ပိန္နဲပျိုးပင်တွေ ရောင်းရပြီး အိမ်ခြံဝင်း အလှပင်၊ စားပွဲတင်အလှပင်၊ ပန်းအိုး စတဲ့ စိုက်ပျိုးရေးပစ္စည်းတွေ အရောင်းအဝယ် ပုံမှန်ရှိကြောင်း" ပြောပြခဲ့သည်။ **(မြန်မာ့အလင်း)**

❖ *ကျောဖုံးမှ*

အခုလိုမိုးရာသီမှာ မုန်လာဥအရွယ်အစားအနည်းငယ်သေးပြီး ရာသီချိန်ဖြစ်တဲ့ ဆောင်းရာသီကာလမှာတော့ အရွယ်အစားကြီးလို့ ဝယ်သူစိတ်တိုင်းကျတဲ့ မုန်လာဥတွေဟာ ဈေးလည်းရပြီး တင်ပို့မလောက်အောင်ဖြစ်တယ်လို့ ဆိုပါတယ်။ မုန်လာဥကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလို့ရတာမို့ တချို့တောင်သူတွေဟာ စိုက်ပြီး ၄၅ ရက်နဲ့ ရောင်းလို့ရတဲ့ မုန်လာဥကို နှစ်ပတ်လည်စိုက်ပျိုးနေကြခြင်း ဖြစ်ပါတယ်။

သူဌေးကုန်းနဲ့ အနီးဝန်းကျင်ရွာတွေမှာ မုန်လာစိုက်တောင်သူတွေက ဈေးကွက်ဝင်တဲ့ အရပ်အခေါ် ထိုင်းမျိုးလို့ခေါ်တဲ့ နိုင်ငံခြားမျိုးစေ့ကိုပဲ စိုက်ပျိုးကြပြီး ဈေးကောင်းရတာမို့ တွက်ခြေကိုက်တယ်လို့ဆိုပါတယ်။ မုန်လာမျိုးစေ့ တစ်ပေါင်ဘူး တစ်ဘူးကို စိုက်ပျိုးမယ်ဆိုရင် ဝင်ငွေ ကျပ် ၃၀၀၀၀၀ ခန့်ရတာမို့ ဈေးကွက်လည်းရှိတဲ့ မုန်လာကို ဒေသခံတောင်သူတွေ တိုးမြှင့်စိုက်ပျိုးလာခြင်းပဲ ဖြစ်ပါတယ်။

မုန်လာစိုက်ခင်းတွေကနေပြီး ကားလမ်းအထိ သယ်ထုတ်ရတဲ့ စရိတ်၊ ကားတွေနဲ့ ရန်ကုန်သီရိမင်္ဂလာဈေး၊ သဃ်န်းကျွန်းစံပြဈေးတွေအပြင် ပဲခူးနဲ့ မော်လမြိုင်အထိ ကုန်ကျစရိတ်တွေရှိပေမယ့် မုန်လာဥအရောင်းအဝယ်ပြုလုပ်တဲ့ ကုန်သည်တွေအနေနဲ့ အမြတ်ငွေ မြိုးမြိုးမြက်မြက် ရရှိနေတာမို့ တွက်ခြေကိုက်တယ်လို့ ဆိုပါတယ်။

"ဒီနှစ်မှာ အရင်နှစ်တွေကထက် မိုးများတာမို့ မုန်လာဥအရွယ်အစားသေးပြီး မိုးနည်းရင်တော့ မုန်လာဥအရွယ်အစားကြီးမားတယ်ဆိုပေမယ့် ဒီနှစ်မှာ ဝယ်လိုအားများတာမို့ မုန်လာဥအလုံးမလှလည်း ဈေးကောင်းတော့ရကြတယ်"လို့ ကုန်သည်ဒေါ်လှရှင်က ပြောပြပါတယ်။ ရန်ကုန်ပွဲရုံတွေက မုန်လာဥ ဝင်လာသလောက် လက်ခံပြီး ဈေးကောင်းပေးတယ်လို့ ဆိုပေမယ့် ရောင်းတန်းဝင်တဲ့ မုန်လာဥ လှလှတွေဆိုရင်တော့ ဈေးပိုရတာကြောင့် ဝင်ငွေပိုလိုချင်တဲ့ တောင်သူတွေနဲ့ ကုန်သည်တွေကတော့ မိုးပုံမှန်ရွာပြီး အရွယ်အစားလှပတဲ့ မုန်လာဥတွေပဲ ထွက်ရှိဖို့ မျှော်လင့်နေကြပါတယ်။

ကျန်းမာရေးအသိနဲ့ ဗဟုသုတတွေကြောင့် အသီးအရွက်များများ စားသုံးလာတဲ့ လူဦးရေတိုးပွားလာတာမို့ အခုလို မုန်လာဥစိုက်တောင်သူတွေနဲ့ မုန်လာဥ အရောင်းအဝယ်ပြုလုပ်ကြတဲ့ ကုန်သည်တွေအတွက်တော့ ဈေးကွက်ဝင်တဲ့ မုန်လာဥကို စိုက်ပျိုးရောင်းဝယ်နေကြဦးမှာ သေချာနေတော့တာပါပဲ။ ။ **(မြန်မာ့အလင်း)**

တာချီလိတ်မြို့တွင်း လမ်းများပျက်၊ ယာဉ်များသွားလာရေးခက်

တာချီလိတ် ဩဂုတ် ၂၄

တာချီလိတ်မြို့ မြို့တွင်းလမ်းများတွင် ယခုတလော ကတ္တရာလမ်းပေါက်များ ပိုများလာသည်။ **(ဝဲပုံ)** "လမ်းတွေပျက်ရတာ အကြောင်းအမျိုးမျိုးတော့ရှိတာပေါ့။ ဒီနှစ်က မိုးကောင်းတာလည်းပါတယ်။ လမ်းပေါက်တွေက ဟိုတုန်းကတည်းက အများကြီးရှိတယ်၊ ဒီတော့ မိုးရွာရင် မြေတွေက ဗွက်ဖြစ်ပြီး ပိုဆိုးကုန်တယ်၊ အခုအခြေအနေက လမ်းပေါက်ဖာရမယ့် အခြေအနေမဟုတ်တော့ဘူး၊ အကြီးစား ပြင်ဆင်ရမယ့် အခြေအနေပါ။ လမ်းတွေက ဆိုးလွန်းတော့ ရှေ့ဘီးရှောင်ရင် နောက်ဘီးမလွတ်၊ ဘယ်ဘက်ဘီးရှောင်ရင် ညာဘက်ဘီးမလွတ်နဲ့၊ တစ်ခါတလေဆို လေးဘီးစလုံး ချိုင့်ခွက်တွေထဲကျတော့ ကားလည်း အလွန်ပျက်စီးတာပဲ" ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

"လမ်းတွေက ရှောင်မလွတ်အောင် ပျက်စီးနေတော့ အထူးသဖြင့် ဆန်ဆိုင်းရပ်ကွက်ဘက်မှာဆို လမ်းရှောင်ရင်း ဆိုင်ကယ်အချင်းချင်း မကြာမကြာတိုက်မိကြတယ်။ လမ်းပျက်စီးမှုကြောင့် တစ်ဦးနဲ့တစ်ဦး နားလည်ပေးကြပေမယ့် အန္တရာယ်တော့များတာပေါ့ဗျာ" ဟုမော်တော်ဆိုင်ကယ်မောင်းနှင်သူတစ်ဦးကလည်း ရင်ဖွင့်သည်။ "အပေါက်တွေကများ၊ မိုးရေကလည်း ပြည့်နေတော့ တစ်ခါတလေ ချိုင့်ခွက်ထဲ စက်ဘီးကျပြီး လဲသွားတော့ အဝတ်အစားတွေ၊ စားစရာတွေ ပျက်စီးရတယ်"ဟုစက်ဘီးဖြင့် အမြဲဈေးသွားနေသူ အမျိုးသမီးတစ်ဦးက ပြောသည်။ သို့ပါ၍ လမ်းပေါက်များဖြင့် ပျက်စီးလျက်ရှိသော တာချီလိတ်မြို့တွင်း လမ်းများအား သက်ဆိုင်ရာမှ ပြင်ဆင်ပေးနိုင်ရန် မြို့သူမြို့သားများက မျှော်လင့်လျက်ရှိပါကြောင်း။ **(ဝဇိဝ)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

တူရကီ၌ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်မီးလောင်

အစ္စတန်ဘူလ် ဩဂုတ် ၂၄

တူရကီနိုင်ငံ မြေထဲပင်လယ်ဒေသဘက်ရှိ အန်တယ်လ်ယာပြည်နယ်တွင် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တစ်လုံး ဩဂုတ် ၂၃ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဟိုတယ်ဝန်ထမ်းငါးဦး မီးခိုးများ မွန်းကျပ်မှုကြောင့် သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာန အနာတိုလီယာက ဩဂုတ် ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။

လောင်ကျွမ်းခဲ့

ဖြစ်ပွားမှုမှာ ဟိုတယ်၏ မီးဖိုချောင်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဟိုတယ်အပေါ်ဆုံးထိပ်အထိ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။ ၎င်းဟိုတယ်မှာ အန်တယ်လ်လာပြည်နယ်ရှိ ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေစခန်းရှိရာ လာရာမြို့၌ တည်ရှိသည်။ **(အောက်ပုံ)**

ဖော်ပြထား

ဟိုတယ်၌ တည်းခိုနေကြသော ကမ္ဘာလှည့်ခရီးသွားများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့သည်။ မီးခိုးများရှူရှိုက်မိသော ဟိုတယ်ဝန်ထမ်းအချို့မှာလည်း ဆေးကုသမှုခံယူစေလျက်ရှိသည်။ ဟိုတယ်မီးလောင်မှု မည်သို့စတင်ဖြစ်ပွားခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အနာတိုလီယာသတင်းဌာနက ထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**

ရုရှားမှ ပရိုဂရက်စ်အာကာသယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းမှ ထွက်ခွာ



မော်စကို ဩဂုတ် ၂၄

နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ရောက်ရှိနေသော ရုရှားနိုင်ငံမှ ပရိုဂရက်စ် M-1M အာကာသယာဉ်သည် ဩဂုတ် ၂၃ရက်က နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ချိတ်ဆက်ထားမှုကို ဖြုတ်လိုက်ပြီး ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ပြန်လည်ထွက်ခွာလာပြီဖြစ်ကြောင်း မော်စကိုမြို့ အပြင်ဘက် အာကာသယာဉ် ခရီးစဉ်ထိန်းချုပ်ရေးဌာနက ဩဂုတ် ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။ *(ဝဲပုံ)*

လေ့လာပျံသန်း

အဆိုပါ ပရိုဂရက်စ် M-1M အာကာသယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့မကျဆင်းမီ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ကိုးရက်ကြာ လေ့လာပျံသန်းနေမည်ဖြစ်ကြောင်း ယင်းဌာနမှထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

၎င်းအာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းမှ စွန့်ပစ်အမှိုက်သရိုက်များကိုလည်းသယ်ဆောင်လာသည်။ တစ်ဖန် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ကိုးရက်ကြာ ပျံသန်းစဉ်ကာလတွင် ကမ္ဘာမြေပြင်မှ ကီလိုမီတာ ၆၀မှ ၁၀၀၀အမြင့်ရှိလေထုအတွင်း အိုင်ယွန်အဏုမြူများ၏ ရောင်ပြန်ရိုက်ခတ်မှုအနေအထားကိုလည်း လေ့လာကာ မြေပြင်စခန်းသို့ သတင်းပေးပို့မည်ဖြစ်သည်။ သတ်မှတ်ရက်ကုန်ဆုံးပါက ကမ္ဘာပတ်လမ်းကြောင်းအတွင်းမှ ၎င်းအာကာသယာဉ်ခွဲထွက်ပြီး ကမ္ဘာ့လေထုအတွင်း၌ မီးလောင်ပေါက်ကွဲကာ မူလသတ်မှတ်ထားသော ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ယင်းအာကာသယာဉ် အစိတ်အပိုင်းများ ကျမည်ဖြစ်သည်။ *(အင်တာနက်)*

တရုတ်၌ ကျောက်မီးသွေးမိုင်းတွင်း ရေလျှံ မြေအောက်၌ မိုင်းလုပ်သား ၂၆ ဦး ပိတ်မိနေ

ဟာဘင် ဩဂုတ် ၂၄

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်တွင် ဩဂုတ် ၂၃ ရက်က ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း၏ မြေအောက်လုပ်ငန်းခွင်သို့ ရေများစီးဝင်လာပြီး ရေလျှံမှုဖြစ်ပွားရာ မိုင်းလုပ်သား ၂၆ ဦး ပိတ်မိနေကြောင်း ဒေသအာဏာပိုင်များက ဩဂုတ် ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။

မိုင်းတွင်း မြေအောက်၌ မိုင်းလုပ်သား ၄၅ ဦး လုပ်ငန်းခွင်ဝင်နေစဉ် ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ မိုင်းလုပ်သား ၁၉ ဦးမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ ၎င်းမိုင်းတွင်းမှာ ကီတေဟီမြို့ရှိ ဟန်တေး ကျောက်မီးသွေးမိုင်းတွင်း ကုမ္ပဏီလီမိတက်ပိုင်ဖြစ်သည်။

မိုင်းတွင်းမြေအောက် တူးဖော်ရေးလုပ်ငန်းများပြုလုပ်စဉ် အခြားကျောက်မီးသွေးမိုင်းတွင်းငယ်တစ်ခု၏ နံရံမှ အပေါက်ဖြစ်ကာ ရေများစီးဝင်ခဲ့ခြင်းဖြစ်သည်။ မြေအောက်၌ ပိတ်မိနေသော မိုင်းလုပ်သားများအား ကယ်ဆယ်ရန် ကယ်ဆယ်ရေးအဖွဲ့များက ကြိုးစားလျက်ရှိသည်။ ***(ယာပုံ)***

ဆောင်ရွက်

အခင်းဖြစ်ပွားပြီးနောက် တရုတ်နိုင်ငံ ကျောက်မီးသွေးမိုင်းတွင်းများ လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲရေးဌာန ဒုတိယအကြီးအကဲ ဟန်ယူဇိုင်းက ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ ထပ်မံစေလွှတ်ကာ ကူညီမှုနှင့်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိသည်။ ***(အင်တာနက်)***

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ဩစတြေးလျနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E.Ms. Bronte Moules သည် ယနေ့ညနေ၃နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ ၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ နှင့် ဩစတြေးလျနှစ်နိုင်ငံတို့အကြား ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အခွင့်အလမ်း များ၊ နယ်စပ်ဒေသတိုင်းရင်းသားများ အတွက် ပညာရေးဆိုင်ရာကူညီမှုအစီ အစဉ်များအားဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှု အမှတ်(၆/၂၀၁၁)နှင့် (၁၀/၂၀၁၁) ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲ ကန့်ကွက်လွှာပြင်ဆင်မှု အမှတ်(၁၀/၂၀၁၁)ကို ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ်(၆/၂၀၁၁)ကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံး၌ ရုံးထိုင်ကြားနာစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကင်မ်ဟေးယွန်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းလေးကန် ရေရှည်တည်တံ့စေရေး ဘက်စုံထိန်းသိမ်းရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်း ပပျောက်ရေးလုပ်ငန်း (၈)ရပ်ဖြင့် ဆောင်ရွက် အကောင်အထည်ဖော် ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးသည်လည်း လုပ်ငန်းစဉ်တစ်ရပ် အဖြစ်ပါဝင်ကြောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ဖွဲ့စည်းရာ၌ အင်းလေးကန် သည်လည်း တစ်ခုအပါအဝင်ဖြစ် ကြောင်း၊ အင်းလေးကန်သည်ထူးခြား သည့် တိုင်းရင်းသားဓလေ့ထုံးစံများ ရှိခြင်း၊ ဖောင်တော်ဦးဘုရား အပါ အဝင် တန်ခိုးကြီးဘုရားများ တည်ရှိ ခြင်း၊ မြန်မာနိုင်ငံ၏ အဓိကကျသည့် လောပိတ ရေအားလျှပ်စစ်စက်ရုံ၏ ရေအရင်းအမြစ်ဖြစ်ခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲများ ကြွယ်ဝရာနေရာဒေသ တစ်ခုဖြစ်ခြင်း စသည့်အချက်များနှင့် ပြည့်စုံသောနေရာတစ်ခုဖြစ်ကြောင်း၊ အင်းလေးကန်သည် ဒေသခံများ အတွက်သာမက နိုင်ငံအတွက်ပါ အဖိုးထိုက်တန်လှသော သဘာဝအမွေ အနှစ်တစ်ခုနှင့် အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ကျင်းပသော သစ်တော ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ် ပြန်လည်ထူထောင်ရေး အစီအစဉ် (UN-HABITAT) တို့ ပူးပေါင်းစီစဉ်သည့် အင်းလေးကန် ရေရှည်တည်တံ့စေရေး ဘက်စုံ ထိန်းသိမ်းရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်း အနား၌ အင်းလေးကန်ရေရှည် တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး က ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အခြေ အနေများကြောင့် အင်းလေးကန် သည်လည်း ထိခိုက်ပျက်စီးယိုယွင်း လာကြောင်း၊ သို့ဖြစ်၍ပုံမှန်ဆောင် ရွက်နေသော ထိန်းသိမ်းရေးလုပ်ငန်း များဖြင့် မလုံလောက်တော့ဘဲ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေ များ ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်း၍ ၂၀၁၀-၂၀၁၁ မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ (၅)နှစ်လုပ်ငန်း စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အထောက်အကူ

အင်းလေးကန် ရေရှည်တည်တံ့ ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေ အနေများ ထိန်းသိမ်းရေးလုပ်ငန်းစဉ် သည် ရေရှည်စီမံဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သောကြောင့် ရေရှည်စီမံကိန်းများ ရေးဆွဲဆောင် ရွက်ရန်ဖြစ်ကြောင်း၊ သစ်တော ရေးရာဝန်ကြီးဌာနနှင့် UN-HABI-TAT တို့ ပူးပေါင်းပြီး ယခုအလုပ်ရုံ ဆွေးနွေးပွဲတွင် အင်းလေးကန်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှုထောင့် မျိုးစုံမှသုံးသပ်ပြီး UN-HABITAT မှ ရန်ပုံငွေအထောက်အပံ့နှင့် နည်း ပညာကျွမ်းကျင်မှု ရယူပူးပေါင်းပြီး အဆိုပြုလွှာတစ်ခုရေးဆွဲရန် ဆွေးနွေး မည်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များ သည် အင်းလေးကန်ရေရှည်တည်တံ့ ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေ အနေများထိန်းသိမ်းရေးကို အထောက် အကူဖြစ်စေမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

နှုတ်ခွန်းဆက်

ထို့နောက် ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေး အစီ အစဉ်မှ Myanmar Programme Manager Mr. Srinivasa Popuri က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ ကို ကျင်းပရာ အင်းလေးကန်ရေရှည် တည်တံ့စေရေး ဘက်စုံထိန်းသိမ်းရေး စီမံကိန်းနှင့် သက်ဆိုင်သောဆက်စပ် ဌာနများမှကိုယ်စားလှယ်များက လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို တင်ပြ ကြပြီး သစ်တောဦးစီးဌာနနှင့် ကုလ သမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည် ထူထောင်ရေးအစီအစဉ်တို့မှ တာဝန် ရှိသူများက အင်းလေးကန် ရေရှည် တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေး စီမံချက်အပေါ် သုံးသပ်ချက်စာတမ်း များ ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝ ပတ်ဝန်းကျင်အခြေအနေများထိန်းသိမ်း ရေးစီမံချက် (၂၀၁၀-၂၀၁၁ မှ ၂၀၁၄-၂၀၁၅) ခုနှစ်အထိ ပထမ(၅)နှစ် စီမံကိန်းအပေါ် ခေါင်းစဉ်ငါးခုဖြင့် ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်အထိ ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အင်းလေးကန် ရေရှည်တည်တံ့ စေရေး ဘက်စုံထိန်းသိမ်းရန် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေး ပွဲတွင် အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ပံ့ပိုးမှု၊ စပါးစိုက်တောင်သူများ၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် တစ်နှစ် ထက်တစ်နှစ် စပါးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုခဲ့သည်။ ၂၀၁၁ ခုနှစ် မိုးစပါး စိုက်ဧက ၁၆၇ သိန်းကျော် စိုက်ပျိုး ပြီးလည်းဖြစ်သည်။

ရန်ကုန်မြို့ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၏ စာရင်းအရ ၂၀၁၁ ခုနှစ် ဇူလိုင်လ တစ်လတည်း မှာပင် ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မော်ကျွန်း၊ ကျိုက်လတ်၊ လပွတ္တာ၊ ဝါးခယ်မ၊ မြောင်းမြနှင့် အခြားမြို့နယ် များမှဆန်အိတ်စုစုပေါင်း ၁၄၇၀၀၀၀ ကျော် အဝင်ရှိကြောင်း သိရသည်။

ယနေ့ အများပြည်သူတို့ နေ့စဉ် ဝယ်ယူစားသုံးနေရသည့် ဆန်စျေးနှုန်း မှာ ရွှေဘိုပေါ်ဆန်းတစ်ပြည် ငွေကျပ် ၁၆၀၀၊ ဖျာပုံပေါ်ဆန်းတစ်ပြည် ငွေ ကျပ် ၁၃၀၀၊ ပုသိမ်ပေါ်ဆန်းတစ်ပြည် ငွေကျပ် ၁၂၀၀၊ မြောင်းမြဆန်မွှေး တစ်ပြည်ငွေကျပ် ၁၁၀၀ဖြစ်ပြီး ဆန် ကြမ်းစျေးနှုန်းမှာ တစ်ပြည်ငွေကျပ် ၆၀၀မှ ငွေကျပ် ၈၀၀အထိရှိကြောင်း သတင်းရရှိသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမြင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ အကပဒေသာ
- ၈:၃၀ ၉။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသမီး)**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄:၃၀ ၄။ အတီးပြိုင်ပွဲ
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ပြည်သူ့ရေးရာ အထူးပြု) (ပြည်သူ့ရေးရာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၅:၃၀ ၈။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသမီး)**
- ၅:၄၅ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၆၄)
- ၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြံဖန်ဖန်အမွေဆိုင်**(အပိုင်း-၂၁)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၈၈)

ဩဂုတ် ၁၅ရက်က ရမည်းသင်းမြို့ ဝါတိုးအရှေ့ရပ် အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ၂၀၁၁-၂၀၁၂ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော စာရေးကိရိယာနှင့် ဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် အဖွဲ့ဝင်များက ပေးအပ်စဉ်။

(ပညာရေး)

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာစွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

အရာထမ်းအဆင့် အင်္ဂလိပ်စာစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူ ၂၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ အင်းစိန်အကျဉ်းထောင်၌ လှည့်လည်ကြည့်ရှု

ရန်ကုန် ဩဂုတ် ၂၄

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်၌ အကျဉ်းသားနှင့် အချုပ်သားခြောက်ဦးနှင့် အကျဉ်းသူတစ်ဦးတို့အားတွေ့ဆုံ၍ အင်းစိန်အကျဉ်းထောင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံ

မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့သည် ညနေ ၃ နာရီတွင် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ သွားရောက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များအား တွေ့ဆုံကြသည်။ **(သတင်းစဉ်)**

ဒုဋ္ဌဝတီ၊ စစ်တောင်းနှင့် ငဝန်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၇၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၇ စင်တီမီတာ (၀ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၂၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၅ စင်တီမီတာ (၁ ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၆၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၆ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အားကစားတိုးတက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးစား

ကိုဌေး (ကနောင်)

အားကစားသည် နိုင်ငံတစ်ခု၏ ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာဖြစ်သည့်အတွက် အားကစားဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် "အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဟူ၍ လည်းကောင်း၊ "အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်" ဟူ၍လည်းကောင်း၊ "အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကိုဖော်ပြသည်" ဟူ၍လည်းကောင်း အားကစားဆိုင်ရာခံယူချက်များအဖြစ် သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ၏ဦးဆောင်မှုဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲအသီးသီးတွင် အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတကာအားကစားပြိုင်ပွဲအသီးသီးသို့ နိုင်ငံ့ကိုယ်စားပြု စခန်းသွင်းလေ့ကျင့်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် အဓိကအကျဆုံးဖြစ်သော မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးအား ပထမဦးစားပေးမဏ္ဍိုင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးသို့ ပဏာမမြန်မာ့လက်ရွေးစင်များ အများအပြား မွေးထုတ်ပေးလျက်ရှိသော အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး) ကျောင်းများအား ဒုတိယဦးစားပေးမဏ္ဍိုင်အဖြစ် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်၊ ကျေးလက်ဒေသများပါမကျန် အရည်အသွေးရှိသော ရွက်ပုန်းသီးအားကစားလူရည်ချွန်များ ပေါ်ထွက်လာစေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များ ကိုယ်စားပြုအားကစားနည်းအလိုက် ကလပ်ပေါင်းစုံပြိုင်ပွဲကြီး (Champion Challenge Cup Tournament) အောင်မြင်စွာကျင်းပနိုင်ရေးကို တတိယဦးစားပေးမဏ္ဍိုင်အဖြစ်လည်းကောင်း သတ်မှတ်၍ တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အားကစားတိုးတက်အောင်မြင်ရေးသည် ရေရှည်စီမံဆောင်ရွက်ရမည့်လုပ်ငန်းစဉ် ဖြစ်ပါသည်။

မြန်မာ့အားကစား ပြန်လည်ဦးမော့တိုးတက်လာစေရေးအတွက် မဖြစ်မနေ ဆောင်ရွက်သင့်သည့်လုပ်ငန်းအချို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုပါက ကာလအတိုင်းအတာတစ်ခုအတွင်း ထိုက်သင့်သည့်အဆင့်တစ်ခုသို့ မလွဲမသွေ ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

ပထမဦးစားပေး (၁)အနေဖြင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်မှာ "အားကစားနှင့်ပညာရေးအား ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်ပေးရေး" ပင် ဖြစ်ပါသည်။ အားကစားသမားများ မွေးမြူဖော်ထုတ်ရာတွင် သွေးသစ်လောင်းနိုင်မည့် လူငယ်၊ လူရွယ်များကို ငယ်ရွယ်စဉ်အချိန်မှစ၍ စနစ်တကျ ပြုစုပျိုးထောင်ပေးမှသာ အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ လူငယ်လူရွယ်အမြောက်အမြား တစုတဝေးတည်းရှိနေသည့် နေရာဌာနမှာလည်း အခြေခံပညာကျောင်းများပင် ဖြစ်သည့်အတွက် အခြေခံပညာကျောင်းများတွင် အားကစားကို မသင်မနေရဘာသာရပ်တစ်ခုအဖြစ် သင်ကြားပေးခြင်း၊ နေ့စဉ် စာပေပညာ သင်ကြားချိန်များကဲ့သို့ အားကစားလေ့ကျင့်ချိန်တစ်ချိန် သတ်မှတ်လေ့ကျင့်စေခြင်းများ ဆောင်ရွက်စေခြင်းအပြင် ကျောင်းတွင်း အားကစားပြိုင်ပွဲများကိုလည်း အားကစားပြက္ခဒိန်ရေးဆွဲ၍ တစ်နှစ်ပတ်လုံး ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပေးခြင်းဖြင့် ငယ်ရွယ်နုပျိုသည့် မျိုးဆက်သစ် အားကစားလူရည်ချွန်များ မလွဲမသွေ ပေါ်ထွက်လာနိုင်မည် ဖြစ်ပါသည်။ အလားတူ တက္ကသိုလ်၊ ကောလိပ်များတွင်လည်း အခြေခံပညာကျောင်းများနည်းတူ အားကစားနှင့်ပညာရေးကို ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်သွားကြရန်မှာ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည်ဟု တွေးထင်မိပါသည်။

ဒုတိယဦးစားပေးဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်အနေဖြင့် (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအပါအဝင်) အခြေခံပညာကျောင်းတိုင်းတွင် အားကစားကွင်း၊ အားကစားခန်းမများနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်ဝဝ၊ လုံလုံလောက်လောက် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရေးပင် ဖြစ်ပါသည်။ လူငယ်လူရွယ်များ အားကစားဝါသနာ မည်မျှပင်ပါပါစေ၊ အားကစားပြုလုပ်လိုစိတ် မည်မျှပင်ရှိပါစေ အားကစားကွင်း၊ အားကစားပစ္စည်းများ မရှိခြင်း၊ ဆရာဆရာမများက အားပေးအားမြှောက် ခွင့်ပြုဆောင်ရွက်ပေးခြင်းမရှိပါက နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာရေး ကြီးစွာသော အဟန့်အတားဖြစ်စေမည်မှာ မလွဲပါ။ သို့ဖြစ်၍ အခြေခံပညာကျောင်းတိုင်းနှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် အားကစားကွင်း၊ အားကစားခန်းမများ လုံလုံလောက်လောက် တည်ဆောက်ပေးခြင်း၊ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်ဝဝ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ ကျောင်းသား ကျောင်းသူများ၏ အားကစားလေ့လာလိုက်စားခြင်းကို ဆရာ ဆရာမများက အားပေးအားမြှောက် ခွင့်ပြုဆောင်ရွက်ပေးခြင်းများမှာလည်း မြန်မာ့အားကစား ပြန်လည်ဦးမော့ တိုးတက်လာစေရေးအတွက် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနက် အဓိကကျသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟု တွေးထင်မိပါသည်။

တတိယဦးစားပေးဆောင်ရွက်သင့်သည့်လုပ်ငန်းမှာ မြို့တိုင်း၊ ရွာတိုင်း၊ (ရပ်ကွက်တိုင်း)၌ ရပ်ကွက်အဆင့်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်နှင့်လျော်ညီသော အားကစားကွင်း၊ အားကစားခန်းမများ အကောင်အထည်ဖော် တည်ဆောက်ပေးရေးပင်ဖြစ်ပါသည်။ ရပ်ကွက်/ကျေးရွာအဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်မြို့ကြီးများအထိ အဆင့်နှင့်လျော်ညီသည့် အားကစားကွင်း၊ အားကစားခန်းမများ လုံလုံလောက်လောက် ရှိနေရမည် ဖြစ်ပါသည်။ အားကစားကွင်းများ၊ အားကစားခန်းမများမရှိသည့်အတွက် အားကစားကို လေ့လာလိုက်စားလိုသော်လည်း လေ့လာလိုက်စားနိုင်ခြင်းမရှိတော့သလို အားကစားပြိုင်ပွဲများလည်း ကျင်းပနိုင်တော့မည်မဟုတ်ပါ။ သို့ဖြစ်၍ မြို့တိုင်း၊ ရွာတိုင်း၊ ရပ်ကွက် (ကျေးရွာ)အဆင့်အထိ သင့်လျော်သည့် အားကစားကွင်း၊ အားကစားခန်းမများ တည်ဆောက်ပေးရေးမှာ တတိယဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်ဟု တွေးထင်မိပါသည်။

စတုတ္ထဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အနေဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးသို့ ပဏာမမြန်မာ့လက်ရွေးစင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဖွင့်လှစ်ထားရှိနိုင်ရေးပင် ဖြစ်ပါသည်။ လက်ရှိအားကစားသိပ္ပံ (ရန်ကုန်/မန္တလေး) ကျောင်း နှစ်ကျောင်းမှ မွေးထုတ်ပေးလိုက်သည့် ဘောလုံးသမား ၁၂၀ ခန့်မှာ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲတွင် သက်ဆိုင်ရာ အသင်းအသီးသီး၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိနေသည်ဟု ကြားသိနေရသည်။ အခြား မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးတွင်လည်း အားကစားသိပ္ပံကျောင်း (ရန်ကုန်/မန္တလေး)မှ မွေးထုတ်ပေးလိုက်သော လက်ရွေးစင်အားကစားသမား အများအပြား ရောက်ရှိနေပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းလေ့ကျင့်လျက်ရှိကြောင်း ကြားသိတွေ့မြင်နေရပါသည်။

အားကစားသိပ္ပံကျောင်းများအား တိုင်းဒေသကြီး/ပြည်နယ်များအားလုံးတွင် ဦးစားပေးအစီအစဉ်အတိုင်း ဖွင့်လှစ်ပေးနိုင်မည်ဆိုပါက မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီး၏ အဓိကလိုအပ်ချက်ဖြစ်သော အရည်အချင်းပြည့်ဝသည့် လူငယ်မျိုးဆက်သစ်များ၊ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ကြမည့် အားကစားသူရဲကောင်းများ အပြိုင်အဆိုင်ပေါ်ထွက်လာမည်မှာမလွဲပါ။ **လက်ရှိ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် အောင်မြင်သင့်သလောက် မအောင်မြင်ရခြင်း၏ အဓိကအချက်မှာ အရည်အချင်းပြည့်ဝသည့် လူငယ်မျိုးဆက်သစ်များပေါ်ထွက်လာမှု အားနည်းနေခြင်းကြောင့်သာ ဖြစ်ပါသည်။**

ဆက်လက်ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစဉ်များမှာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးက ပိုမိုအားပေးကူညီခြင်း၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်က အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ အားကစားဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များ တိုးပွားအောင် ဆောင်ရွက်ခြင်းနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၏ ဘဝနောင်ရေး ပိုမိုအဆင်ပြေစေရေးမူတစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်ပေးခြင်း စသည်ဖြင့် စီမံဆောင်ရွက်သွားနိုင်မည်ဆိုပါက မြန်မာ့အားကစားအဆင့်အတန်း မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်လာနိုင်မည် ဖြစ်ပါသည်။

မြန်မာ့အားကစားအောင်မြင်တိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်၊ ဆောင်ရွက်သင့်သည့်လုပ်ငန်းများ အများကြီးရှိပါသည်။ ရေတိုလုပ်ဆောင်ရမည့်လုပ်ငန်းများကို မဖြစ်မနေတွန်းအားပေး ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ရေရှည် စီမံချက်ချမှတ်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပြုပြင်ဆောင်ရွက်သင့်သောလုပ်ငန်းများ၊ မူဝါဒချမှတ်ဆောင်ရွက်သင့်သော လုပ်ငန်းများကိုလည်း ဦးစားပေးအစီအစဉ်အတိုင်း စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်သွားကြမည်ဆိုပါက အချိန်ကာလအတိုင်းအတာတစ်ခုအတွင်း မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်တိုးတက်လာမှာ မလွဲပါဘူးဟု ယုံကြည်ပါကြောင်း။ ။

နှစ်နိုင်ငံ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ဆက်ဆံရေးမှာ နှစ်ပေါင်းများစွာ ရှည်ကြာခဲ့ပြီဖြစ်သည့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးဖြစ်သည်။ ၂၀၁၀ခုနှစ်တွင် တရုတ်-မြန်မာသံတမန်ဆက်ဆံရေးသည် နှစ်(၆၀) တိုင်ခဲ့ပြီလည်းဖြစ်သည်။ အဆိုပါကာလများအတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရေးခရီးများ သွားလာ၍ နှစ်နိုင်ငံ အကျိုး၊ နှစ်နိုင်ငံပြည်သူများ၏အကျိုးကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်ခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များသာမက ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နှစ်နိုင်ငံပြည်သူများလည်း အပြန်အလှန် ကူးလူးဆက်သွယ်မှုများ ရှိခဲ့ကြသည်။ ချစ်ကြည်ရင်းနှီးမှုကို အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးများကြောင့် နှစ်နိုင်ငံပြည်သူများ၏အကျိုးကို များစွာ အထောက်အကူပြုခဲ့ပေသည်။

ယင်းသို့ ကူးလူးဆက်သွယ်မှုများအနက် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ရောက်ရှိနေသည့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား မြန်မာ့သတင်းစဉ်(ပြည်တွင်း) သတင်းအဖွဲ့က ဩဂုတ် ၂၂ ရက် ညနေ ၆ နာရီတွင် ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

“တရုတ် - မြန်မာ ချစ်ကြည်ရေး အသင်းရဲ့ အဓိက ရည်ရွယ်ချက် ကတော့ နှစ်နိုင်ငံအကြား ပြည်သူများနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက် ကောင်းမွန်လာရေး ပင်ဖြစ်ပါတယ်”။

Mr.Feng Zuoku
ဥက္ကဋ္ဌ
တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း

တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Feng Zuoku က တရုတ်-မြန်မာချစ်ကြည်ရေးအသင်းကို ၂၀၁၁ ခုနှစ် မေ (၂၇) ရက်တွင် ပြန်လည်ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်း၏ အဓိကရည်ရွယ်ချက်မှာ နှစ်နိုင်ငံအကြား ပြည်သူများနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာရေးပင် ဖြစ်ကြောင်း၊ ဤရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ အပြန်အလှန်နားလည်မှု ပိုမိုရရှိလာစေမှာဖြစ်ကြောင်း၊ ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်အတွက် နှစ်နိုင်ငံပြည်သူများအကြား ကောင်းမွန်သည့်ဆက်ဆံရေး အခြေခံကောင်းများဖြင့် ဆောင်ရွက်သွားလိုကြောင်း မိမိတို့သတင်းအဖွဲ့အား ပဏာမရှင်းလင်းပြောကြားသည်။

မြန်မာသတင်းအဖွဲ့။ ။ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းရဲ့ အဓိက လုပ်ငန်းရည်ရွယ်ချက်များကို မြန်မာပြည်သူတွေ ယခုထက် ပိုမိုသိရှိအောင် ဥက္ကဋ္ဌကြီး အနေနဲ့ ဘယ်လိုဆောင်ရွက်နေပါသလဲ ခင်ဗျာ။

တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Feng Zuoku။ ။ ၁၉၅၂ ခုနှစ်တုန်းက မြန်မာပြည်မှာ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဆိုတာ ရှိခဲ့ပါတယ်။ ဒီလိုနှစ်နိုင်ငံချစ်ကြည်ရေးအသင်းတွေ ပြန်လည်ထူထောင်ဖို့ ဆန္ဒရှိပါတယ်။ ဒါဆိုရင် ကျွန်တော်တို့အသင်းနဲ့ မြန်မာနိုင်ငံမှာဆက်ဆံရမယ့်အသင်းရှိလာမှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား သတင်းတွေအပြန်အလှန်ဖလှယ်နိုင်မှာ ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုများအတွက်လည်း ရှာဖွေလေ့လာနိုင်ပါတယ်။ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းကြီးကနေ မြန်မာပြည်သူတွေကို မိတ်ဆက်ချင်ပါတယ်။ တရုတ်နိုင်ငံမှာပြုလုပ်မယ့် ဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေကို မီဒီယာကတစ်ဆင့် မြန်မာပြည်သူတွေကို မိတ်ဆက်ပေးချင်ပါတယ်။

ယခုလာတဲ့ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းမှာ အဖွဲ့ဝင် (၅၀) လိုက်ပါလာပါတယ်။ ဒီအဖွဲ့ဝင်တွေထဲမှာ ပြည်နယ် (၁၀)ခုနဲ့ အစိုးရအဖွဲ့မှ ဝန်ထမ်းများလည်း ပါဝင်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင် (၂၀)လောက်လည်း ပါပါတယ်။ ယဉ်ကျေးမှု၊ ပညာရေး၊ အနုပညာ နယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေလည်းပါပါတယ်။ ပထမဆုံး အကြိမ် မြန်မာနိုင်ငံကို လာရောက်လည်ပတ်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သိသာ၊ မြင်သာ၊ ထင်သာတဲ့အချက်တွေကို သူတို့ရဲ့ဌာန၊ သူတို့ရဲ့ ပြည်နယ်ကို ပြန်ရောက်သွားရင် မြန်မာပြည်ရဲ့အကြောင်းကို ပြန်ပြောကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့လာသလိုပဲ မြန်မာကိုယ်စားလှယ်အဖွဲ့တွေ တရုတ်နိုင်ငံကို လာရောက်လည်ပတ်ဖို့လည်း ဖိတ်ခေါ်ပါတယ်။

တရုတ်-မြန်မာချစ်ကြည်ရေးအသင်းကို အစိုးရမဟုတ်သည့် NGO အဖွဲ့အဖြစ် ထူထောင်ခြင်းဖြစ်ကြောင်း သိရှိရသည်။ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Feng Zuoku သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရေးအသင်း (The Chinese People's Association for Friendship with Foreign Countries) တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူလည်း ဖြစ်သည်။တရုတ်-မြန်မာချစ်ကြည်ရေးအသင်းတွင် စီးပွားရေးကဏ္ဍမှ လုပ်ငန်းရှင်များ အများအပြားပါဝင်ပေသည်။

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် (၆၀)ပြည့်သော နှစ်ဖြစ်ပြီး ယင်းအချိန်မှစ၍ တရုတ်-မြန်မာချစ်ကြည်ရေးအသင်း ပြန်လည်ထူထောင်ရန် လုပ်ငန်းများစခဲ့ကြောင်းလည်း သိရှိရသည်။ တစ်နှစ်ကြာ ပြင်ဆင်မှုများဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ် မေ ၂၇ ရက်တွင် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းကို ပြန်လည်ဖွဲ့စည်း ထူထောင်နိုင်ခဲ့ကြောင်းဖြင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက မိမိတို့သတင်းအဖွဲ့ကို ရှင်းပြသည်။

တရုတ်-မြန်မာချစ်ကြည်ရေးအသင်း ပြန်လည်ထူထောင်ပြီးနောက် နှစ်နိုင်ငံ ပြည်သူများ၏ဆက်ဆံမှုနှင့် ချစ်ကြည်မှု ပိုမိုတိုးမြှင့်ရေးမှာ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းကြီး၏ အဓိကရည်ရွယ်ချက်များပင်ဖြစ်ကြောင်း သိရှိရသည်။

“နှစ်နိုင်ငံအနေနဲ့ အစိုးရများ ပြောင်းလဲတာရှိပါတယ်။ နှစ်နိုင်ငံပြည်သူတွေရဲ့ ဆက်ဆံမှုကောင်းမွန်နေမယ်ဆိုရင် အစိုးရများပြောင်းလဲမှုရှိသော်လည်း ပြည်သူများရဲ့ဆက်ဆံရေးကို ထိခိုက်မယ်လို့ မထင်ပါဘူး။ နှစ်နိုင်ငံကြား ပြည်သူတွေချစ်ကြည်ရေး ကောင်းမွန်ဖို့ဆိုရင် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းကြီးက အလုပ်တွေ အများကြီးလုပ်ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ဟာ သံတမန်ဆက်ဆံရေး ထူထောင်တဲ့ကဏ္ဍမှာ အစောဆုံးဆောင်ရွက်တဲ့နိုင်ငံတွေဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာသာမက အာရှနိုင်ငံတွေထဲမှာလည်း ပထမဦးဆုံး သံတမန်ဆက်ဆံရေး ထူထောင်တဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးထူထောင်ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးဟာ အထူးတိုးတက် ကောင်းမွန်လျက်ရှိပါတယ်။ တရုတ်နိုင်ငံမှ ခေါင်းဆောင်တွေ မြန်မာပြည်ကို လာလည်ကြတာ အများကြီးရှိပါတယ်။ ဒီလို တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူတွေအကြား ဆက်ဆံမှုတွေ တိုးတက်မှုရှိတဲ့အတွက် နောင်မှာလည်း ပိုမိုတိုးတက်ကောင်းမွန်လာမှာဖြစ်ပါတယ်”ဟု အသင်းဥက္ကဋ္ဌ Mr. Feng Zuoku က သတင်းအဖွဲ့အား ရှင်းပြသည်။

အသင်းဒုတိယဥက္ကဋ္ဌ Mr.Zhiyuan Geng ကိုလည်း သတင်းအဖွဲ့က ဆက်လက်တွေ့ဆုံ မေးမြန်းခဲ့သည်။အသင်းဒုတိယဥက္ကဋ္ဌ Mr. Zhiyuan Geng က ၎င်း၏ဖခင်မှာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ၁၉၆၂-၁၉၆၆ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ကြောင်း၊ ဖခင်၏ ပြောစကားများမှတစ်ဆင့် မြန်မာနိုင်ငံအကြောင်းကို များစွာသိရှိရ၍ ထူးခြားသောစေတနာများရှိခဲ့ကြောင်း ပဏာမပြောကြားသည်။

မြန်မာသတင်းအဖွဲ့။ ။ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းနှင့် မိမိတို့ နိုင်ငံက NGO အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလား။

တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ။ ။ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းမှကော်မတီဝင်များဟာ သာသနာရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးစသည့် ကဏ္ဍအသီးသီးမှာ ထူးချွန်သူများ ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ နှစ်ဦးနှစ်ဖက် ကဏ္ဍအသီးသီးမှာ ပူးပေါင်းဆောင်ရွက်မယ့် ကော်မတီတစ်ခုဖွဲ့စည်းရန် မျှော်လင့်ပါတယ်၊ တရုတ်-မြန်မာနယ်စပ်ဒေသမှာ နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်တစ်ခု ထူထောင်နိုင်ရေးကို မျှော်လင့်ပါတယ်၊ နှစ်ဦး နှစ်ဖက် အကျိုးရှိမှာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးကို ထူထောင်ချင်ပါတယ်။ ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) ကိုလည်း ယနေ့ သွားရောက်ခဲ့ပြီး တာဝန်ရှိသူများနဲ့ တွေ့ဆုံခဲ့ပါတယ်။

တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးတွင် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းသည် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရေးကိုသာမက နှစ်နိုင်ငံအကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းရေးအတွက်လည်း များစွာအထောက်အကူပြုသွားမည့် အသင်းဖြစ်ကြောင်း သတင်းအဖွဲ့က ယုံကြည်မျှော်လင့်ပါသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **ပရိညာသုံးပါးအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော်(မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆း၃၅ ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော်
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း-၁၀၆)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၈)
- ၈း၅၀ နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
- ၉း၀၅ Activities in The City -အမက(၁)ဗဟန်း မိခင်၊ဖခင်များ၏ အာဟာရနှင့်ပြည့်စုံသော အစားအစာ ချက်ပြုတ်ပြိုင်ပွဲ -ပထမအကြိမ် ဘူမိဗေဒဆရာကန်တော့ပွဲ
- ၉း၄၀ စက်မှုပညာလေ့လာစရာ (PISTON)
- ၁၀း၀၀ လောကီ လောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
- ၁၀း၂၀ ရန်ကုန်မြင်ကွင်းကျယ် Device Services Company Module II Program မိတ်ဆက်ပွဲ Member ကုမ္ပဏီများ၊ Member Card အပ်နှင်းပွဲအခမ်းအနား
- ၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၀၅ ဘိုးရတနာသောက်ရေသန့် (မကွေးမြို့)
- ၁၁း၃၀ ရန်ကုန်မြင်ကွင်းကျယ် [ကျေးဇူးရှင် မိခင်ကြီးဒေါ်ခင်စန်းရီအားရည်စူး၍ (၁၀)နှစ်ပြည့်သတိရအောက်မေ့ခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနား]
- ၁၁း၅၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၂၀ Activities in The City “ဂျော်နီ”၏ တေးစီးရီးမိတ်ဆက်ပွဲ
- ၁၂း၃၅ ဈာန်ကြွနေသည့်အလား ရှင်တော်မြတ်အားပူဇော်ပါ၏ဘုရား
- ၁း၀၀ **ပရိညာသုံးပါးအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော်(မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၁း၄၅ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol
- ၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၆)
- ၄း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၈)
- ၅း၁၀ ရွှေပြည့်စုံဈေးဆိုသည်မှာ
- ၅း၃၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **I Love You**
- ၆း၀၀ MRTV -4 သတင်း
- ၆း၂၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၇)
- ၇း၁၀ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV -4 သတင်း
- ၈း၃၀ **စကားနပန်း ကြီးရင်မီတာကောင်းတယ်၊ ငယ်ရင်ချီတာကောင်းတယ်**
- ၉း၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၉)
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ သဒ္ဓါကြည်ဖြူ ကုသိုလ်ယူ သက္ကလနယ်မှရှင်(၁၀၈)ပါးရှင်ပြုအလှူ
- ၁၁း၀၀ အားကစားမြင်ကွင်းစုံ
- ၁၁း၃၀ ဂီတသရုပ်ပြခန်း(တွယ်တာ)
- ၁၁း၅၀ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
- ၁၂း၂၀ သင်ယူလေ့လာ ဂီတပညာ (တေးသီချင်းရေးစပ်ခြင်း)
- ၁၂း၄၀ မှိုအသားမှျင်တစ်သျှူးမျိုးပွားနည်း
- ၁၂း၅၅ အများမြင်စရာ နှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း)(အပိုင်း-၁)
- ၁း၄၅ လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်…
- ၁း၅၅ Shooting Location (ဇီဇဝါခြံ)
- ၂း၁၅ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၂း၂၅ နယဉ်ဆန်းထွင်ပန်းအလှဆင် (လက်ဆောင်ပန်းစည်းထုပ်ပိုးနည်း)
- ၂း၄၅ အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ မုံရွာမြို့သို့အလည်တစ်ခေါက်
- ၄း၁၅ ဇဒင်၏ရေကုထုံး
- ၄း၂၅ တရားဓမ္မများပွားများအားထုတ်ရာ ဓမ္မဒူတ တောရသာသနာ့ရိပ်သာ
- ၄း၄၅ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရှိးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

မယ်ဒလင်ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ထူးမခြားနား	(သီချင်းခံ)
(ခ) မြရည်နန္ဒာ	(ဘွဲ့)
(ဂ) မှုန်ပြာဝေ	(ယိုးဒယား)
(ဃ) ကျွန်းကျွန်းပိုင်သ	(ကြိုး)
(င) ရေယမုန်	(ပတ်ပျိုး)
(စ) တောမြိုင်စွန်းက	(ယိုးဒယား)
(ဆ) ပြည်ပြည်မင်းပေါင်း	(သီချင်းခံ)
(ဇ) မဲဇာတောင်ခြေ	(ပတ်ပျိုး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) မြနဒီ	(ကာလပေါ်)(မြင့်မြင့်ရှိန်)
(ခ) ရွှေပြည်တော်သည်	(ပတ်ပျိုး)
(ဂ) ဇမ္ဗူရောင်ကွန့်	(ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ဝေဇယန်နှင့်နှုန်းငြား	(ကြိုး)
(ခ) ဆန်းနွေဦး	(ယိုးဒယား)
(ဂ) မေတ္တာဂုဏ်	(ကာလပေါ်)(ပြည်လှဖေ)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) မောင့်သက်လယ်	(ကာလပေါ်)(ဂီတာစိမ်းမောင်)
(ခ) နန်းဘုံသီဟာဇွေ	(ယိုးဒယား)
(ဂ) အတိုင်းမသိမင်္ဂလာကျက်သရေ	(မင်္ဂလာဩဘာဘွဲ့)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ဝေဘာဂီရိ	(ကြိုး)
(ခ) တောဟေဝန်လယ်	(ယိုးဒယား)
(ဂ) စိန္တာမဏိ	(ကာလပေါ်)(စောင်းဦးဘသန်း)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) နှလုံးသားကိုအလှဆင်ပါ	(ကာလပေါ်)(မိုးအဖွဲ့)
(ခ) သီလာမြေယံ	(ကြိုး)
(ဂ) သာယာ သာယာ	(ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

ဗန်းမော်မြို့၌ မူလတန်းကျောင်းဖွင့်

ဗန်းမော် ဩဂုတ် ၂၄

ကသာခရိုင် ဗန်းမော်မြို့နယ် ပုရင်းတောင်အနောက်ကုန်းကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းမုခ်ဦးရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်ဦးမှိုင်းညို၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဆန်းနှင့် အနောက်ကုန်းကျေးရွာခေါင်းဆောင် ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမှိုင်းညိုက အမှာစကားပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဆန်းက ပညာရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဂွမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ဂွမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကို စက်တင်ဘာ ၄ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် သုခိတာရာမပရိယတ္တိစာသင်တိုက် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဥယျာဉ်ကျောင်းလမ်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန်နှင့်လှူဒါန်းလိုသူများသည် ဦးချစ်မောင် ဖုန်း-၀၉-၅၁၀၀၁၀၅၊ ဦးယဉ်မောင် ဖုန်း-၀၉-၇၃၀၁၉၈၆၇၊ ဦးချစ်သိန်း ဖုန်း-၅၄၇၆၅၊ ဦးမြင့်ဆွေ ဖုန်း-၅၄၈၈၉၂၊ ဒေါ်ခင်မူဖုန်း-၅၂၆၁၀၅၊ ဦးစိုးထွန်းလင်း ဖုန်း -၀၉-၅၀၃၃၅၁၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဆင်း

ခန္တီး ဩဂုတ် ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲကို ခန္တီးမြို့၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။ သင်တန်းတွင် ပထမဆုကို ဟုမ္မလင်းမြို့နယ် မော်ရုံမြိုင်ကျေးရွာမှ မရွှေညွှန့်က ရရှိသဖြင့် တာဝန်ရှိသူကဆုချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသူအားလုံးကိုယ်စား သင်တန်းသူတစ်ဦးထံ ကျောင်းအုပ်ဆရာမ ဒေါ်ခင်ဌေးရီက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အိမ်တွင်းမှုသက်မွေး)**

မိုးစပါးစိုက်ရေိယာစာရင်း ပြည်မြို့နယ်၌ ကောက်ယူ

ပြည် ဩဂုတ် ၂၄

ပြည်ခရိုင် ပြည်မြို့နယ်တွင် တောင်သူလုပ်ခွင့်ရ ဧရိယာနှင့် မိုးစပါးမြေပြင်အမှန်စိုက်ဧရိယာစာရင်းကို မြို့နယ်မြေစာရင်းဦးစီးဌာန ကွင်းဝန်ထမ်းများက ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက ပြူးကုန်းကျေးရွာအုပ်စု၌ ကွင်းဆင်းစစ်ဆေးပြီး စာရင်းပြုစုသည်။

ပြူးကုန်းကျေးရွာတွင် တောင်သူလုပ်ခွင့်ရဧရိယာနှင့် မိုးစပါးမြေပြင်အမှန်စိုက် ဧရိယာစာရင်းများကောက်ယူနေမှုကို ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးစောဝင်းနှင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးပြီး စာရင်းပြုစုရာတွင် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၄

စာကြည့်တိုက်အဆောက်အအုံသစ် မော်ဘီမြို့နယ်၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာအုပ်စု ဘဝအားဆေးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၂၃ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်၍ လှူဒါန်းပွဲကျင်းပရာ ဦးစောကဘော်စေးက စာကြည့်တိုက်အဆောက်အအုံသစ်အတွက် ငွေကျပ် ၆၈၁၀၀၀၊ အေးရိပ်ငြိမ် ရော်ဘာခြံ မိသားစုက ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ စာအုပ်စင်နှင့် စာအုပ်စာစောင်များ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိသုတ ရသ စာအုပ် ၁၅၂ အုပ်၊ ဗိုလ်မှူးကြီးအေးမင်းမောင်(အငြိမ်းစား)က ငွေကျပ်၅၀၀၀၀ တန်ဖိုးရှိ ဗီရိုတစ်လုံး၊ ဆရာအေးမင်း မိသားစုက ငွေကျပ် ၄၄၀၀၀တန်ဖိုးရှိ ကုလားထိုင်များနှင့် ကျေးရွာဘုန်းတော်ကြီးကျောင်းဆရာတော်က ငွေကျပ်၃၀၀၀၀ တန်ဖိုးရှိ စားပွဲတစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြန်မာ့အလင်း မှုခင်းသတင်း

မူးယစ်ဆေးဝါးသယ်ဆောင်လာသူနှစ်ဦး ကောလင်းမြို့၌ ဖမ်းဆီးရမိ

ကောလင်း ဩဂုတ် ၂၄

ကောလင်းမြို့ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် နံနက် ၄ နာရီ မိနစ် ၄၀ ခန့်က ကောလင်း-ပင်လည်ဘူးကားလမ်းမကြီး ရွှေဘုန်းပွင့်လမ်းဆုံတွင် တာဝန်သိပြည်သူတို့၏ သတင်းပေးချက်အရ စောင့်ဆိုင်းနေစဉ် ကောလင်းဘူတာဘက်မှဆင်းလာသော မသင်္ကာဖွယ်ရာလူစိမ်းနှစ်ဦးအား ပီနံအိတ်များထမ်းလာသည်ကိုတွေ့ရသဖြင့် ရပ်တန့်စစ်ဆေးရှာဖွေရာ တစ်ဦးမှာ ထမ်းလာသောပီနံအိတ်ကိုချ၍ ထွက်ပြေးသွားပြီး ကြေးသွန်းအိုးရပ် အမရပူရမြို့နေ မြင့်သူ အသက် (၃၂)နှစ် (ဘ) ဦးကျော်တင်အား ဖမ်းဆီးရမိခဲ့သည်။ ထွက်ပြေးသွားသောသူမှာ ကြေးသွန်းဘိုးတော်ရပ် အမရပူရမြို့နေ စောမင်းနောင် အသက်(၄၇)နှစ် (ဘ) ဦးသောင်းဖြစ်ကြောင်း သိရသည်။

သိမ်းဆည်းရမိ

၎င်းတို့သယ်ဆောင်လာသော ပီနံအိတ်များမှာ အမည်းရောင်ကြွပ်ကြွပ်အိတ်ဖြင့် ဘိန်းမည်းဟုယူဆရသော အလေးချိန် ၉၀ ကျပ်သားခန့်ပါ အထုပ်ခုနစ်ထုပ် စုပေါင်းအလေးချိန် (ထုပ်ပိုးခွံပါ) ၁၀ ဒသမ ၂၈၇၄ကီလိုဂရမ်ခန့်၊ ၈၀ကျပ်သားခန့်စီပါ အထုပ်နှစ်ထုပ် စုစုပေါင်းအလေးချိန် တစ်ပိဿာ ၆၀ကျပ်သားခန့် (ထုပ်ပိုးခွံပါ) ၂ ဒသမ၆၁၂၈ကီလိုဂရမ်ခန့်၊ ၉၀ကျပ်သားခန့်စီပါ အထုပ်နှစ်ထုပ် စုစုပေါင်း အလေးချိန် တစ်ပိဿာ ၈၀ ကျပ်သားခန့်၊ ၂ ဒသမ ၉၃၉၂၆ ကီလိုဂရမ်ခန့် (ထုပ်ပိုးခွံပါ)၊ ၃၀ကျပ်သားခန့်၊ ၀ ဒသမ ၄၈၉၉ ကီလိုဂရမ်ခန့် (ထုပ်ပိုးခွံပါ)တစ်ထုပ်၊ ၄၀ ကျပ်သား ၀ ဒသမ ၆၅၃၂ ကီလိုဂရမ်ခန့်ပါ အထုပ်တစ်ထုပ်၊ ၈၅ ကျပ်သားခန့်စီပါ အထုပ်ရှစ်ထုပ် စုစုပေါင်းအလေးချိန် ၆ပိဿာ ၈၀ကျပ်သားခန့် ၁၁ ဒသမ ၁၀၄၄၁ ကီလိုဂရမ်ခန့်၊ အဖြူရောင် ပလတ်စတစ်ပီနံအိတ်တစ်လုံး၊ Elam စာတန်းပါ အဖြူရောင် ပီနံအိတ်တစ်လုံး၊ (ငါတော်တော်ချော့တာပဲ) စာတန်းပါ အဖြူရောင် ကြွပ်ကြွပ်အိတ်ဖြူနှစ်လုံး၊ ၀၈၈၈ စာတန်းပါ သနပ်ခါးရောင် ပီနံအိတ်ခွံတစ်လုံး၊ ရွှေခေါ်လာစာတန်းပါ အဖြူရောင် ပီနံအိတ်တစ်လုံး၊ Elam စာတန်းပါ အဖြူရောင် အိတ်ခွံတစ်လုံး၊ (ငါတော်တော်ချော့တာပဲ) စာတန်းပါ ကြွပ်ကြွပ်အိတ်ဖြူလေးလုံး၊ Chag စာတန်းပါ အညိုရောင် ဂျပ်စက္ကူပုံးတစ်ခု၊ Lacta Soyoစာတန်းပါအညိုရောင် ဂျပ်စက္ကူပုံးတစ်ခု၊ အမှတ်စဉ် ၁၆၈၇ မြင့်သူအမည်ဖြင့် မန္တလေး-မဲဇာ အမှတ်(၄၁)အဆန်ရထား လက်မှတ်တစ်စောင်၊ မြင့်သူအမည်ပါ မှတ်ပုံတင်တစ်ခု၊ ၉/မတရ(နိုင်) ၁၀၂၇၂၁၊ အမှတ်စဉ် ၁၆၈၆ပါ ဦးစောမင်းနောင် အမည်ဖြင့် မန္တလေး- မဲဇာအမှတ် (၄၁) အဆန်ရထားလက်မှတ်တစ်စောင်၊ စာတန်းပါ အဖြူအနက်ကွက်စိပ် ကော်လံပါ ရှပ်အင်္ကျီအဟောင်းတစ်ထည်၊ စောမင်းနောင် အမည်ပါ ထောက်ခံစာ တစ်စောင်၊ ယိုးဒယားတံဆိပ်ပါ ဂျပ်စက္ကူပုံးတစ်ပုံး တို့ကို သိမ်းဆည်းရမိသည်။

အရေးယူ

တရားခံ မြင့်သူနှင့် စောမင်းနောင် တို့အား ကောလင်းမြို့နယ်ရဲစခန်းက အမှုဖွင့်ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၉၂)**

ဆုချီးမြှင့်

ဩဂုတ် ၂၁ ရက်က အမက(၆) ကြည့်မြင်တိုင်မြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့်က မြို့နယ်အဆင့်စတုတ္ထတန်း ဘာသာစုံထူးချွန်ဒုတိယဆုရသူ မောင်ပိုင်ထက်ကိုအား ဆုချီးမြှင့်စဉ်။

(ပညာရေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဘားအံ၌ဟောပြော

ဘားအံ ဩဂုတ် ၂၄

ကရင်ပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဩဂုတ် ၄ ရက် နံနက်က ဘားအံမြို့ အိန္ဒူအခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ ဟောပြောပွဲတွင် ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်ဝင်း **(အပေါ်ပုံ)**နှင့် ကရင်ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်ဆန်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသ ပညာပေးဟောပြောကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြစိန်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြကြောင်း သိရှိရသည်။

(ပြည်နယ် ကညန)

အစားအစာချက်ပြုတ်နည်းသင်တန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

နိုင်ငံတကာ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းများတွင် ကျွမ်းကျင်စွာလုပ်ကိုင်လိုသူများအတွက်ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်လ နောက်ဆုံးပတ်အတွင်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအဖွဲ့ (MTB)၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy တွင် ဖွင့်လှစ်မည်ဖြစ်ရာ အနောက်တိုင်းအစားအစာ၊ အရှေ့တိုင်းအစားအစာဟင်းပွဲများ ပြုလုပ်ပြင်ဆင်နည်း၊ အလှဆင်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ထို့အပြင် International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course သင်တန်းအပတ်စဉ်အသစ်များကိုလည်း ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality & Tourism Management Academy တိုက် ၂၆၇ အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ တို့ထံသို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဟသ်ာတ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

ဟသ်ာတ ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့ နတ်မော်အထကခွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ဟသ်ာတမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲအုပ်ထွန်းအောင်ချိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းကိုဟောပြောပြီး ဟသ်ာတခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူးဦးအောင်ဝင်းက ခြေကျင်လျှောက်သူများ၊ စက်ဘီးစီးသူများ လိုက်နာရမည့်စည်းကမ်းများအား ရုပ်ပုံကားချပ်များဖြင့် ဟောပြောသည်။

ဟောပြော

အလားတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီကလည်း ဟသ်ာတမြို့နယ် ရွာသစ်ကျေးရွာ အလကကျောင်း၌ ဟောပြောခဲ့ကြောင်း သိရသည်။ **(၀၇၅)**

သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ငါန်းဇွန်မြို့နယ်၌ ပျိုးထောင်စိုက်ပျိုး

ငါန်းဇွန် ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာအုပ်စု ဘုရားထူးကျေးရွာ ကွင်းအမှတ်(၉၁၈)၊ ဦးပိုင်အမှတ် (၅၈၁)ရှိ တောင်သူဦးစိုးဝင်း၏ လယ်ကွက်တွင် ဩဂုတ် ၆ရက်က ငါန်းဇွန်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဦးဆောင်မှုဖြင့် တစ်ဧက တင်း ၁၀၀ နှင့်အထက်ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၊ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ခဲ့သောမိုးစပါးများ စိုက်ပျိုးခြင်းတို့ကို သိပ္ပံနည်းကျ လက်တွေ့သရုပ်ပြခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားတွင် ခရိုင်မန်နေဂျာ ဦးကျင်မောင်နှင့် တာဝန်ရှိသူများက မျိုးကောင်း၊ မျိုးသန့် ပြောင်းလဲစိုက်ပျိုးရေး၊ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းတို့ကို ရှင်းလင်းပြောကြားပြီးနောက် စနစ်တကျပျိုးထောင်စိုက်ပျိုးခြင်းကို လက်တွေ့ပြသခဲ့ကြကာ စိုက်နည်းစနစ် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၁၇၄/၁) အကျယ်အဝန်း (၁၇၄၀-စ/ပေ)၊ ဧရိယာ ၀ ဒသမ ၀၄၀ဧကရှိ ဦးစည်သူဝင်း ၁၂/ဥကတ(နိုင်)၀၆၇၁၀၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၇၄/၁)၊ ယင်းမာ(၂)လမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ လက်ရှိသက်ဆိုင်သူအား စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန္ဒာမွေး (စဥ်-၇၁၄၈)
တရားလွှတ်တော်ရှေ့နေ
LL.B, M.P.A, D.B.L, D.M.L, D.I.L, D.A. Psy, D.I.R, D.G.I
အမှတ် ၅၈ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၃၀၇၇၇၃၇၊ ၀၁-၅၇၈၀၄၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၄၈၁၊ မြေကွက်တည်နေရာ အမှတ် ၄၈၁၊ သုတ(၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်တင်ရီ၊ ဦးခင်မောင်၊ အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ရီ၊ ဦးခင်မောင်ကွယ်လွန်သဖြင့် ဒေါ်တင်သိန်း ၁၂/ဥကတ(နိုင်) ၀၀၉၈၇၅၊ ဒေါ်သန်းသန်း ၁၂/ဥကတ(နိုင်)၀၁၁၁၅၉၊ ဦးစိုးမြင့် ၁၂/ဒပန(နိုင်) ၀၁၇၈၄၈၊ ဒေါ်ခင်ဝေ ၁၂/ဥကတ(နိုင်) ၀၄၄၄၃၂၊ ဦးထွန်းလွင် ၁၂/ဥကတ(နိုင်) ၀၄၄၄၃၃၊ ဒေါ်သင်းသင်း ၁၂/ဥကတ(နိုင်)၀၄၄၄၃၁၊ ဒေါ်အေးအေးမာ ၁၂/ဥကတ(နိုင်)၀၄၄၄၂၇ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၃၉၁/၁၁ / ၆-၇-၁၁ နှင့် ၁၂၃၉၂/၁၁ / ၆-၇-၁၁ တို့ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ်ဦးလှဝင်း ၁၂/ရပသ(နိုင်) ၀၂၃၈၃၈ က မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ (၂)လမ်း၊ အမှတ် (၂၇၉)နေ ဦးစံထွန်း-ဒေါ်လှနွဲ့တို့၏ သားဖြစ်သူ မောင်သက်ထွန်းဇော် ၁၂/ဒပန (နိုင်)၀၅၀၃၄၀သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးစံထွန်း-ဒေါ်လှနွဲ့

ပျောက်ဆုံးကြောင်း

ကျွန်တော်များ Flower Thit Sar Co., Ltd. ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်(ထသက၂၄၉၆၂) သည်ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၃၈၁၁၇၂

အမည်ပြောင်း

လှိုင်ကော်မြို့၊ အထက(၁)တတိယတန်း(B)တွင် ပညာသင်ကြားနေသော မစွမ်းရည်ထက်မြက်အား ယနေ့မှစ၍ မငြိမ်းချမ်းဇေယျာဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အလုံမြို့နယ်၊ ဆဋ္ဌမတန်း(ခ)တွင် ပညာသင်ကြားလျက်ရှိသော မောင်ဟိန်းကောင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ က-၄လမ်း၊ အမှတ် ၂၇၃၆၊ ဦးသန်းရွှေ၏သမီး ဒေါ်မြမြရီ ၁၂/အစန (နိုင်)၀၃၅၂၆၀ နှင့် မကြွမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့၊ ကန်သာ၁၇လမ်း၊ C/90နေ ဒေါ်မြင့်မြင့်အေး၏ သမီးကြီး မစုဝေဖြိုး ၈/မကန(နိုင်)၁၄၇၂၀၃သည် မိခင်နှင့်မိသားစုဝင်များအား စိတ်အနှောင့်အယှက်နှင့်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး မိခင်ကြီး၏ ဆိုဆုံးမမှုကို နာခံခြင်း လုံးဝမရှိပါသဖြင့် ၂၄-၈-၂၀၁၁ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်မယူပါ။

ဒေါ်မြင့်မြင့်အေး ၈/မကန(နိုင်)၁၀၉၂၅၈

ကိုရီးယားဂီတလောကတွင် အောင်မြင်ကျော်ကြားနေသော F(x) ဂီတအဖွဲ့

မြင့်မောင်စိုးရေးသားသည်

ဆိုးလ် ဩဂုတ် ၂၄

တောင်ကိုရီးယားနိုင်ငံက ဆယ်ကျော်သက် အမျိုးသမီးငယ်များနဲ့ဖွဲ့စည်းထားတဲ့ F(x)လို့ အမည်ပေးထားတဲ့ဂီတအဖွဲ့ဟာ ပရိသတ်များအကြား အောင်မြင်ကျော်ကြားလာတဲ့အဖွဲ့ဖြစ်ပါတယ်။ **(အပေါ်ပုံ)**

ဒီဂီတအဖွဲ့ကို ၂၀၀၉ခုနှစ်က SM Entertainment က ဖွဲ့စည်းပေးတာဖြစ်ပါတယ်။ အဖွဲ့မှာ အမျိုးသမီးငယ် ငါးဦးနဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး သူတို့နာမည်တွေကတော့ ခရိုင်စတယ် (Krystal)၊ဆူလ်လီ (Sulli)၊လူနာ (Luna)၊အမ်ဘာ (Amber)နဲ့ ဗစ်တိုးရီးယား(Victoria)တို့ပဲ ဖြစ်ပါတယ်။ သူတို့အဖွဲ့ရဲ့ အဓိကဖျော်ဖြေတဲ့သီချင်းတွေကတော့ ပေ့ါပ်၊ ရော့ခ်နဲ့ အီလက်ထရိုပေ့ါပ်သီချင်းတွေပဲ ဖြစ်ပါတယ်။

ဖမ်းစားထားနိုင်

F(x)အဖွဲ့ရဲ့ ပထမဆုံးတေးအယ်လ်ဘမ်ဖြစ်တဲ့ LA Cha Taလို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ကိုတော့ ၂၀၀၉ခုနှစ်မှာ စထွက်ခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ ကိုရီးယားဂီတလောကမှာ အလွန်လူကြိုက်များခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်ပါတယ်။ သူတို့အဖွဲ့က အဆိုချည်းသက်သက်မဟုတ်ဘဲ အဆိုနဲ့ အက တွဲဖက်ထားသောကြောင့် ပရိသတ်များကို ဖမ်းစားထားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် F(x) ဂီတအဖွဲ့ရဲ့အဆို၊ အကတွေကြောင့် ကိုရီးယားဂီတလောကမှာသာမက ကိုရီးယားဂီတကို ချစ်မြတ်နိုးတဲ့နိုင်ငံတွေကပါ အားပေးလာကြတာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ် ၁၃ရက်က တောင်ကိုရီးယားနိုင်ငံ အင်ချီယွန်မြို့မှာ ကိုရီးယားဂီတပွဲတော် ၂၀၁၁ကို ကျင်းပခဲ့ပါတယ်။ အဲဒီမှာ F(x)ဂီတအဖွဲ့လည်း ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်။ ကိုရီးယားဂီတလောကမှာ အောင်မြင်မှုအတွက် အထွတ်အထိပ်သို့ရောက်နေတဲ့ F(x)ဂီတအဖွဲ့ကို ပရိသတ်တွေက အထူးနှစ်ခြိုက်စွာ အားပေးခဲ့တယ်လို့သိရပါတယ်။

(အင်တာနက်)

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ကမ္ဘာ့ဂျူဒိုချန်ပီယံပြိုင်ပွဲ အိုင်ဗင်နော့ဗ်အနိုင်ရ

မာတင်အိုင်ဗင်နော့ဗ် (အပေါ်)က ကရင်းဖယ်လန်အား ဤသို့အနိုင်ယူခဲ့သည်။

ပါရီ ဩဂုတ် ၂၄

ကမ္ဘာ့ဂျူဒိုချန်ပီယံပြိုင်ပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဩဂုတ် ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိရာ ဩဂုတ် ၂၃ ရက်က ယှဉ်ပြိုင်ခဲ့သောပွဲ၌ ဗြိတိန်နိုင်ငံမှ ကမ္ဘာ့ချန်ပီယံဟောင်း ကရင်းဖယ်လန်သည် ဘူလ်ဂေးရီးယားမှ မာတင်အိုင်ဗင်နော့ဗ်အား ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်သွားရပြီဖြစ်သည်။ ယင်းပွဲ၌ အိုင်ဗီနော့ဗ်က အသာစီးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၈ နှစ်အရွယ်ရှိ ကရင်းဖယ်လန်သည် ပွဲစသည်နှင့် ပထမ ၁၅ စက္ကန့်ခန့်သာ အသာစီးရရှိခဲ့ပြီး ကျန်အချိန်များ၌ မာတင်အိုင်ဗင်နော့ဗ်၏ ထိန်းချုပ်မှုနှင့် အနိုင်ယူမှုကို ခံခဲ့ရသည်။ ၆၆ ကီလိုတန်းတွင် မွန်ဂိုလီးယားမှ ကမ္ဘာ့အဆင့်တစ် ဂျူဒိုကစားသမား ခါရှဘာတာက ဂျော်ဂျီယာမှ ဒေးဗစ်ဆမ်ဘာနီအား အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**



ကာလင်းဖလားဘောလုံးပြိုင်ပွဲ ချာလ်တန်တို့နိုင်ပွဲရ

လန်ဒန် ဩဂုတ် ၂၄

ကာလင်းဖလားဘောလုံးပြိုင်ပွဲကို အင်္ဂလန်၌ ဩဂုတ် ၂၃ ရက်က ဆက်လက်ကျင်းပရာ ချာလ်တန်နှင့် ရက်ဒင်းတို့ပွဲတွင် ချာလ်တန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ***(ဝဲပုံ)***

နိုင်ပွဲရရှိ

ချာလ်တန်အတွက် အဖွင့်ဂိုးကို ပေါလ်ဘီဆင်က ၂၅ မိနစ်၌ သွင်းယူပေးခဲ့သည်။ ချာလ်တန်တို့ ဂိုးသွင်းခွင့် အကြိမ်ကြိမ်ရရှိခဲ့သော်လည်း တိုက်စစ်မှူးများ ဂိုးသွင်းမသေချာ၍ ဂိုးများများ မသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ချာလ်တန်အတွက် ဒုတိယဂိုးကို ပွဲချိန် ၆၄ မိနစ်၌ ဂျက်ဆင်အူလ်က သွင်းယူပေးခဲ့သည်။ ရက်ဒင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၃ မိနစ်၌ မောရစ်ဆင်က သွင်းယူပေးခဲ့သဖြင့် ချာလ်တန်တို့နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲတွင် ရက်ဒင်းဂိုးသမား အလက်မက်ကာသေးက အပိုင်ဂိုးသွင်းခွင့် (၁၂) ကြိမ်ခန့်ကို ကာကွယ်နိုင်ခဲ့၍ ဂိုးမပြတ်ခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်ဖြစ်သည့် ဘရစ်တန်နှင့် ဆန်းဒါးလန်းတို့ပွဲတွင် ဘရစ်တန်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဗီလာနှင့်ဟာရီဖို့ဒ်တို့ပွဲတွင် ဗီလာက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ***(အင်တာနက်)***

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ပြေကြားခြင်း၊ အဆိုတင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၀၈) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

မေးမြန်း

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက **"ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းစနစ် မည်သည့်အချိန် စတင်ခံစားရမည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍လည်းကောင်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးရယ်က **"ကယားပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရန် ကျန်ရှိနေသည့် ရှားတောနှင့် မယ်စဲ့ မြို့နယ်နှစ်ခု၊ ရွာသစ်မြို့နယ်ခွဲနှင့် အရေးပါသည့် မော်ချီးတိုက်နယ်တို့အတွက် လောပိတရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးပေးမည့် အစီအစဉ် ရှိ၊ မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်းက **"ချင်းပြည်နယ်မှ စီးဆင်းလာသော မဏိပူရနှင့် မြစ်သာမြစ်တို့တွင် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်နေကြောင်း သိရှိရ၍ နိုင်ငံတော်က စီမံကိန်းကြီးများအဖြစ် တည်ဆောက်နေသည့် ဖော်ပြပါ ရေအားလျှပ်စစ်စီမံကိန်းများမှ ကန်ပက်လက်မြို့နယ်အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဓာတ်အားပေးလုပ်ငန်းစတင်နိုင်မည်၊ မရှိပါက နိုင်ငံတော်က အခြားသော အသေးစား၊ အလတ်စား ရေအားလျှပ်စစ်စီမံကိန်းတစ်ခုခုဖြင့် အစားထိုးဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ "** နှင့်စပ်လျဉ်း၍လည်းကောင်း မေးမြန်းကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပြန်လည်ဖြေကြား

ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားရာတွင် **နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို လက်ရှိ ကျောဓာတ်အားခွဲရုံမှတစ်ဆင့် ဆက်လက်ဖြန့်ဖြူးနိုင်ရန် ကျော-ဂန့်ဂေါ-ဟားခါး (၆၆) ကေဗွီဓာတ်အားလိုင်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျော-ဂန့်ဂေါ ဓာတ်အားလိုင်းအပိုင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန် လျာထားပါကြောင်း။**

ထီးလင်းမြို့တွင် ဌာနပိုင်ဒီဇယ်စက်နှစ်လုံးတို့ဖြင့် ဓာတ်အားပေးလျက်ရှိပြီး ယင်းမြို့နယ်အား နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားပေးမည်ဆိုပါက ပေါက်ဓာတ်အားခွဲရုံမှတစ်ဆင့် (၆၆) ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးရမည်ဖြစ်ကာ ခန့်မှန်းဓာတ်အားလိုင်း အရှည် ၄၅ မိုင်ခန့် တည်ဆောက်ရမှာဖြစ်ပါကြောင်း၊ ထို့အပြင် ဆောမြို့နယ်မှာလည်း လက်ရှိအခြေအနေတွင် ဌာနပိုင် ဒီဇယ်စက်တစ်လုံးဖြင့် ဓာတ်အားပေး လျက်ရှိပြီး ဒီဇယ်စက်တစ်လုံးကိုအရန်ထားရှိပါကြောင်း၊ ဆောမြို့သို့ နိုင်ငံတော်ဓာတ်အားပေးစနစ်မှ ဓာတ်အား ပေးရန်အတွက် ပေါက်-မင်းတပ် (၆၆) ကေဗွီဓာတ်အားလိုင်းမှတစ်ဆင့်သာ ဓာတ်အားပေးနိုင်မှာ ဖြစ်ပါကြောင်း။

လျာထားဆောင်ရွက်

နိုင်ငံတော်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် သုံးစွဲမှုအခြေအနေအရ ထီးလင်းမြို့နယ်နှင့် ဆောမြို့နယ်တို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေး လျာထားဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် နောင်လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်လာနိုင်ပါက ဓာတ်အားပေးနိုင်ရေး ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကယားပြည်နယ်တွင် မြို့နယ်မြို့(၇) မြို့ရှိသည့်အနက် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်းမြို့ (၅)မြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ကျန်မြို့နယ် (၂)မြို့ဖြစ်သည့် ရှားတောနှင့် မယ်စဲ့မြို့များနှင့် မြို့နယ်ခွဲမြို့ဖြစ်သည့် *စာမျက်နှာ ၄ ကော်လံ ၁* ❍

မြန်မာ့အလင်း ပြည်တွင်း၊ ပြည်ပ သတင်းအညွှန်း

ကိုရီးယား ဂီတလောကတွင် အောင်မြင်ကျော်ကြား နေသော F(x) ဂီတအဖွဲ့။ စာ-၁၂

ကမ္ဘာ့ဂျူဒို ချန်ပီယံပြိုင်ပွဲ အိုင်ဗင်နော့ဗ် အနိုင်ရ။ (စာ-၁၂)

သီးပင်စားပင် ပန်းအလှပင် မျိုးစေ့တွေ ဝယ်မလား၊ မြေပဒေသာကျွန်းတွင် အစုံအလင်ရှိ။ (စာ-၇)

တောင်သူတွေ မုန်လာဥကို တိုးချဲ့စိုက်ပျိုး

ဝယ်လိုအားကောင်းလို့ ဈေးပိုရနေ

နေပြည်တော် ဩဂုတ် ၂၄

သတင်းမှတ်စု
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ကျော်သူဝင်း

ဖြူဖွေးပြီး တုတ်ခဲနေတဲ့ မုန်လာဥတွေဟာ အသီးအရွက်စားသုံးသူတွေအကြိုက်မို့ ဝယ်လိုအားကောင်းပြီး မနှစ်ကထက် ဈေးပိုရတယ်လို့ တပ်ကုန်းမြို့ဝန်းကျင်မှာ မုန်လာဥအရောင်းအဝယ်လုပ်နေတဲ့ ကုန်သည် ဒေါ်လှရှင်က ပြောပါတယ်။

တပ်ကုန်းမြို့ဝန်းကျင်ဒေသမှာ မုန်လာစိုက်တောင်သူတွေက အရင်နှစ်တွေကထက် စိုက်ဧကတိုးချဲ့စိုက်လာကြပြီး အထွက်နှုန်းလည်း တိုးခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်မှာ မနှစ်က ငါးလုံးပါ မုန်လာဥ တစ်တွဲကို ကျပ် ၁၅၀ လောက်သာ ရခဲ့ပေမယ့် ဒီနှစ်မှာ ငွေကျပ် ၂၀၀အထိ ရရှိတယ်လို့ ဆိုပါတယ်။

တပ်ကုန်းမြို့ ဝန်းကျင်က ထွက်သမျှ မုန်လာဥတွေကို ဒေသဈေးတွေသာမကဘဲ ရန်ကုန်၊ ပဲခူးနဲ့ မော်လမြိုင်မြို့တွေအထိ ကားအလတ်စားဖြစ်တဲ့ ဒိုင်နာလိုကားမျိုးတွေနဲ့ နေ့စဉ် ငါးစီးကနေပြီး ၁၀ စီးအထိ တင်ပို့ပေးနေရပါတယ်။ *စာမျက်နှာ ၇ ကော်လံ ၃* ❖

အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မုန်လာဥများကို ဤသို့ တွေ့ရသည်။

25-8 (20).pmd 1 8/25/2011, 3:15 AM